**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၈)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေး

## ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအပြန်အလှန်အထောက်အကူပြုလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ အပြန်အလှန်ရင်းနှီးပွင့်လင်းစွာဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကျောက်ယွိထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၆ ကော်လံ ၃ ✭

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃ ရက်)

# ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO SUMMIT 2025 Plus)ကို စက်တင်ဘာလ ၁ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စတင်ကျင်းပသည်။ အစည်းအဝေး၏ဆောင်ပုဒ်မှာ "ဘက်စုံမူဝါဒကျင့်သုံးခြင်း၊ ဒေသတွင်းလုံခြုံရေးကိုထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန်" ဖြစ်ပြီး SCO အဖွဲ့၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သာယာဝပြောရေးတို့ကို ဤအစည်းအဝေးက အထောက်အကူပြုစေမည်ဖြစ်သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ ထို့ပြင် အစည်းအဝေး၌ပြည်တွင်းပြည်ပသတင်းထောက် ၃၀၀၀ ခန့်သတင်းရယူလျက်ရှိသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) သည် ၂၀၀၁ ခုနှစ် ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက ဒေသတွင်းလုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ စက်မှုထိပ်သီးနိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါကြွယ်ဝသည့်နိုင်ငံများ၊ မြေပေါ်မြေအောက်သယံဇာတပေါကြွယ်ဝသည့်နိုင်ငံများ၊ စိုက်ပျိုး၊ မွေးမြူရေးအားကောင်းသည့်နိုင်ငံများ စသည်ဖြင့်ပါဝင်သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အခြေခံမူများဖြစ်သည့် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာအား လေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေးတို့မှာ မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံများအတွက် နိုင်ငံတကာစင်မြင့်ပေါ်၌ အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရာ၌ ထားရှိသည့်ခိုင်မာသောအခြေခံအုတ်မြစ်နှင့် များစွာအလားသဏ္ဍာန်တူသည်။ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ် မေလက စတင်ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)က ဦးဆောင်ကျင်းပခဲ့သည့်အခမ်းအနားများကိုလည်း တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့်အခြေအနေမှန်များကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးကဏ္ဍအသီးသီးမှ ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြသည်။ ယခုကဲ့သို့ အခြေအနေမျိုးကိုတုံ့ပြန်နိုင်ဖို့အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့်အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကိုရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁ ရက်က တရုတ်နိုင်ငံ၌ကျင်းပသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေးတွင်ဆွေးနွေးပြောကြားစဉ် **"ယနေ့မျက်မှောက်ခေတ်တွင်ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့်အစွန်းရောက်ဝါဒတို့၏ခြိမ်းခြောက်မှုများကိုတိုက်ဖျက်ရာတွင် ထိရောက်သည့်အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါကြောင်း၊ ထို့အပြင် ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု(AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏အသီးအပွင့်များကိုခံစားရလျက်ရှိကာ အနာဂတ်တွင်ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံးတိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့်အလားအလာများကိုလည်း တွေ့မြင်ရပါကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ယခုကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အပေါင်းထိပ်သီးအစည်းအဝေးသို့ နိုင်ငံ့ခေါင်းဆောင်များစုံညီစွာတက်ရောက်လာမှုအတွက် ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသောစည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကိုဖော်ညွှန်းပြသလျက်ရှိသည်။ SCO အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့်ယဉ်ကျေးမှုများကို အပြန်အလှန်တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ်(Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကိုဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးအရအချက်အချာကျသည့်နေရာတွင်တည်ရှိသည်။ ထို့ပြင် သဘာဝအရင်းအမြစ်များစွာပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အနာဂတ်တွင်လည်းရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏မူဘောင်များအတွင်း ရိုးရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့်လေးစားမှုတို့အပေါ်အခြေခံပြီး **ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု**များကို တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကဝမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ကဝ စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မီးသတ်ဦးစီးဌာန ရုံးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကဝမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကဝမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသူက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများအတွက် အရန်မီးသတ်တူညီဝတ်စုံများကို ပေးအပ်ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်သင်တန်းကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်းကိုသင်တန်းသား ၅၀ ဦးဖြင့် စက်တင်ဘာလ ၁ ရက်မှ ၂၉ ရက်အထိ ၂၉ ရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(၄၁၀)၊ အောင်ဖြိုးလင်း**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျောက်ဆည်မြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ကျောက်ဆည် စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း စပါးအပြင် နေ့စဉ်ဝင်ငွေရရှိသည့် သီးပင်စားပင်များ စိုက်ပျိုးလျက်ရှိရာ ထားဝယ်ကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသဖြင့် မိသားစုများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရုံးပတီသည် စိုက်ပျိုးပြီးရက်ပေါင်း ၆၀ ကျော်တွင် စတင်ခူးဆွတ်နိုင်ပြီး နေ့စဉ် ခူးဆွတ်ရောင်းချရသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက မျိုးစေ့၊ မြေပြုပြင်ခြင်း၊ အပင်ငယ်ချိန် ပေါင်းမြက်ရှင်းလင်းခြင်း၊ သွင်းအားစုနှင့် ရေသွင်းခြင်းအပါအဝင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျမှုရှိသည်။

ရောင်းဈေးအနေဖြင့် ဈေးကွက်ပေါ်မူတည်၍ ဈေးရရှိပြီး တစ်ဧကစိုက်ပျိုးထားပါက စတင်ခူးဆွတ်ချိန်တွင် ၁၅ ပိဿာခန့် ခူးဆွတ်ရကာ အသီးလှိုင်လှိုင်သီးချိန်တွင် အပင်ကောင်းမွန်မှုပေါ်မူတည်၍ ပိဿာ ၆၀ မှ ၈၀ အထိ ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း ရုံးပတီစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

ရုံးပတီစိုက်ပျိုးပါက အစိုဓာတ် လုံလောက်စွာရရှိရေး ရေသွင်းပေးရပြီး ၂ ပေခွဲခန့်အကျယ် မြေပေါင်များပြုလုပ်ကာ လေဝင်လေထွက်ကောင်းမွန်ရေး တစ်ပင်နှင့်တစ်ပင် ၂ ပေအကွာတွင် မြေကျင်းများပြုလုပ်၍ အစေ့တိုက်ရိုက်ချစိုက်ပျိုးနိုင်ကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ လိုအပ်သည့်အချိန်တွင် မြေဩဇာထည့်ခြင်း၊ ပိုးမွှားကာကွယ်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးပါက အသီးအထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်း၊ ရာသီဥတုနှင့် အပင်ပြုစုမှုကောင်းပါက ရက်ပေါင်း ၉၀ ခန့်အထိ နေ့စဉ်ခူးဆွတ်ရောင်းချရသဖြင့် ရုံးပတီပင်သည် တောင်သူများ စိုက်ပျိုးသင့်သည့်အပင်တစ်မျိုးဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ငဖဲမြို့နယ် ပန်းထိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ငဖဲ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို စက်တင်ဘာလ ၂ ရက်တွင် ပန်းထိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ပန်းထိန်းအခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်ဌေးတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်းကျင်းပရသည့်ရည်ရွယ်ချက်နှင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် ကျောင်းစာအပြင် သုတရသစာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ မောင်ဇင်ကိုအောင်က လူငယ်နှင့်စာပေ၊ မအေးအေးမိုးက လူငယ်နှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ Grade-10 မှ မောင်ရဲလင်းက လူငယ်နှင့်အားကစား၊ မရွှန်းလဲ့ဖြိုးက လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ် စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်အတွက် ပုံပြင်စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ပြသထားသော ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မယု(ငဖဲ)**



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ဧက ၈၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲဧက ၈၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးမည်ဖြစ်ရာ သတ်မှတ်စိုက်ဧကများ ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းများရရှိစေရန် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်မှာပါ။ တောင်သူတွေကိုလည်း စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ မြေဩဇာနဲ့ သွင်းအားစုတွေ မှန်မှန်ကန်ကန်သုံးစွဲကြဖို့၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲကြဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးကြဖို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲအပါအဝင် ပဲမျိုးစုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မြဝတီ ကာတွန်း



# ပွင့်ဖြူမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ပွင့်ဖြူ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်နှင့် ပလတ်စတစ်သုံးစွဲမှုလျှော့နည်းပပျောက်စေရန် ဈေးရောင်းဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာလ ၁ ရက်က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့်ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးရောင်းဈေးဝယ်များနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်နှင့် ပလတ်စတစ်အမှိုက်များလျှော့နည်းပပျောက်စေရန် ဈေးရောင်းဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများ သုံးစွဲခြင်းမပြုကြရန်၊ ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို အသုံးပြု၍ ထုပ်ပိုးရောင်းချကြရန်၊ ဈေးဝယ်လာသူများအနေဖြင့် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်းယူဆောင်လာကြရန် စသည့်ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများကို အသိပညာပေး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်းဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးပြီး ဈေးရောင်းဈေးဝယ်ရာ၌ အသုံးပြုရန် အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဖျာပုံ စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ဖျာပုံမြို့နယ် ဆိပ်မကျေးရွာအုပ်စု ဆိပ်မအနောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြတ်နှင့် VDP စီမံကိန်းတာဝန်ခံဝန်ထမ်းများက VDP ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူများ၏ထည့်ဝင်ငွေ ငွေကျပ်သုံးသန်း စုစုပေါင်းငွေကျပ် ၁၈ သန်းဖြင့် ဆိပ်မအနောက်ကျေးရွာ၌ အရှည်ပေ ၄၆၀၊ အကျယ် ၃ ပေ ၆ လက်မ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်က လုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဆိပ်မအနောက်ကျေးရွာရှိ အိမ်ခြေ ၂၁၅ အိမ်၊ လူဦးရေ ၁၁၃၈ ဦးတို့ ရာသီမရွေး သွားလာရေး လွယ်ကူအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ကော့သောင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်


ကော့သောင်း စက်တင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ်( ၁/ ၂၀၂၅ ) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁ ရက်က ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပရာ အခမ်းအနားသို့ ကော့သောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့် ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော့သောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် ခေတ်နှင့်အညီတိုးတက်ပြောင်းလဲလာသည့် မီးသတ်ပညာရပ်များကို မီးသတ်တပ်ဖွဲ့ဝင်တိုင်း သိရှိတတ်မြောက်ထားရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည်များကောင်းမွန်စေရန် သင်တန်းတွင် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် လိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို စက်တင်ဘာလ ၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**




# ရွှေတောင်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ရွှေတောင် စက်တင်ဘာ ၂

မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာလ ၂ ရက်တွင် အခြေခံပညာမူလတန်းကျောင်း (လက်ခုတ်တန်း) နှင့် အခြေခံပညာမူလတန်းကျောင်း (တပ်သစ်) တို့၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးများက အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား၊ ကျောင်းသူများကို ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးတစ်ယောက်၏ အလုပ်လုပ်နိုင်သည့်အသက်အရွယ်နှင့် ဥပဒေပါအကြောင်းအရာများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေး စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်က စားသုံးသူအဓိပ္ပာယ်၊ ကုန်ညွှန်းအမှတ်အသားရှစ်ချက်အကြောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူးဒေါ်နီလာမြင့်က သနပ်ခါးပင်၏ကောင်းကျိုးများအကြောင်း၊ သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးပညာ၏အသုံးဝင်ပုံအကြောင်းတို့ကို အသီးသီးဟောပြောကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကစားမက်တဲ့ရွှေငါးလေးခေါင်းစဉ်ဖြင့် ရုပ်ပုံစာအုပ်ဖြင့် ပုံပြင်ပြောခြင်းကို ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြပြီး စာအုပ်စာပေများကို ဖတ်ရှုကြကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ပေကျင်းမြို့၊ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။





ဖူးမြော်ကြည်ညို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်းသို့ ရောက်ရှိကြရာ ကျောင်းတိုက်မှ တာဝန်ရှိသူများနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စွယ်တော်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓမြတ်စွယ်တော်အား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ဖူးမြော်မှုအခြေအနေများ၊ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ပင့်ဆောင်အပူဇော်ခံလိုမှုနှင့် စွယ်တော်မြတ်ကျောင်းတိုက်အတွက် လိုအပ်ချက်များအား မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးက ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်လျက်ရှိမှုနှင့် စွယ်တော်မြတ်ကျောင်းတိုက်အား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုများအား ပြန်လည်မိန့်ကြားသည်။

၎င်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ကျောင်းထိုင်ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စွယ်တော်မြတ်ကျောင်းတိုက်အတွက် ဘက်စုံစုပေါင်းအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စွယ်တော်မြတ်စေတီတော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုရာ ကျောင်းထိုင်ဆရာတော်ကြီးက ဗုဒ္ဓမြတ်စွယ်တော်သမိုင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

အဆိုပါဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူသည့် လင်ကွမ်းဘုရားကျောင်းသည် ပေကျင်းမြို့တွင်တည်ရှိပြီး ဗုဒ္ဓ၏စွယ်တော်၊ ဓာတ်တော်နှင့် ရှေးဟောင်းစေတီတော်များ တည်ရှိသောကြောင့် လူသိများသော သမိုင်းဝင်ဗုဒ္ဓဘုရားကျောင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါဘုရားကျောင်းအား တန်မင်းဆက်လက်ထက်တွင် တည်ဆောက်ခဲ့ပြီး မူလက ကျိမ်ကျယ်ဘုရားကျောင်းဟုခေါ်တွင်ခဲ့ကြောင်း၊ လျောင်မင်းဆက်လက်ထက်တွင် ဘုရားကျောင်းကို ပြန်လည်တည်ဆောက်ခဲ့ပြီး လင်ကွမ်းဘုရားကျောင်းဟု အမည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးက ဓမ္မလက်ဆောင်များပေးအပ်စဉ်။

ပြောင်းလဲခဲ့ကြောင်း၊ မင်မင်းဆက်လက်ထက်တွင် ဘုရားကျောင်းသည် ဝတ်ပြုရေးနှင့် ဘုရားဖူးခရီးစဉ်ကို အဓိကဗဟိုပြုချက်ဖြစ်လာခဲ့ကြောင်း၊ ချင်မင်းဆက်၊ ချင်လုံကေရာဇ်လက်ထက် ၁၇၄၈ ခုနှစ်တွင် အုတ်နှင့်ကျောက်တို့ဖြင့် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရန် Tooth Relic စေတီကို တည်ဆောက်ခဲ့ကြောင်း၊ စေတီတော်သည် ၁၃ ထပ်ရှိပြီး အဋ္ဌဂံအုတ်မျှော်စင်ဖြစ်ကြောင်း၊ ချင်မင်းဆက်ကျဆုံးပြီး ၁၉ ရာစုမှ ၂၀ ရာစုအစောပိုင်း နိုင်ငံရေးမငြိမ်သက်မှုများကြောင့် ဘုရားကျောင်းထိန်းသိမ်းမှုကိုထိခိုက်စေခဲ့ပြီး ဒုတိယတရုတ်-ဂျပန်စစ်ပွဲ(၁၉၃၇-၁၉၄၅)အတွင်း ပျက်စီးခဲ့ကြောင်း၊ ၁၉၈၀ ခုနှစ်နောက်ပိုင်း ပြုပြင်ပြောင်းလဲရေးခေတ်နောက်ပိုင်းတွင် ပြန်လည်၍ ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူသည့် စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်ထားကြောင်း၊ အဆိုပါလင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✯ ရှေ့ဖုံးမှအဆက်

ဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့်တာဝန်ရှိသူများ တက်ရောက် ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် SCO အဖွဲ့အစည်း သည် အရှေ့တောင်အာရှနိုင်ငံများအတွက် အရေးပါ သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့တွင် ပါဝင်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ အေးအတူပူအမျှ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နှစ်နိုင်ငံအပြန်အလှန်အထောက် အကူပြုလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ အကြား စီးပွားရေးတိုးတက်စေရေးပူးပေါင်းဆောင်ရွက် လျက်ရှိမှုအခြေအနေများ၊ မတ်လအတွင်းလှုပ်ခတ်ခဲ့ သည့်မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ အပေါ် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက် ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက် ပေးလျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

◆ ကျောဖုံးမှအဆက်

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြပြီး လမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၊ Southern Station ဘူတာသို့ ရောက်ရှိကြရာ ပေကျင်းမြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်နိုင်ငံပြည်သူများက ဘူတာရုံလျှောက်လမ်းတစ်လျှောက် အလံများဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကျောက်ယွိထိုင်နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိခဲ့ကြကြောင်း သတင်း ရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်နိုင်ငံမှပြည်သူများက တီယန်ကျင်းဘူတာရုံ လျှောက်လမ်း၌ နိုင်ငံအလံများဝှေ့ယမ်း၍ နှုတ်ဆက်ကြစဉ်။

# နမ့်စန်မြို့နယ်၊ အမှတ်(၁၀)ကျေးရွာရှိ ဒေသခံတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာပေးအပ်၊ တောင်သူအသိပညာပေးကွင်းပြပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်မြို့နယ်ရှိ ဒေသခံတောင်သူများအား နေကြာမျိုးစေ့နှင့်ဓာတ်မြေဩဇာပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန် မြို့နယ်၊ အမှတ်(၅)ကျေးရွာအုပ်စု၊ အမှတ် (၁၀) ကျေးရွာရှိဒေသခံတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာ မျိုးစေ့နှင့် ဓာတ်မြေဩဇာပေးအပ်ခြင်း၊ တောင်သူအသိပညာပေး ကွင်းပြပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ပညာပေးသရုပ်ပြစိုက်ခင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတောင်သူ များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြား သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ ခရိုင်တာဝန်ခံတစ်ဦးက မျိုးစေ့နှင့် မြေဩဇာပေးအပ်ခြင်း၊ တောင်သူအသိပညာ ပေးကွင်းပြပွဲနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေဆင်း နေကြာ(၁)မျိုးစေ့၊ ရေဆင်း(၁၅) ပဲပုပ် မျိုးစေ့နှင့် ပုလဲနှင့်ကွန်ပေါင်း သွင်းအားစု ဓာတ်မြေဩဇာများကိုပေးအပ်ရာ ဒေသခံ တောင်သူများက လက်ခံရယူကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နေကြာ မျိုးစေ့နှင့် ပဲပုပ်မျိုးစေ့ထုတ်စိုက်ခင်းများ အား လိုက်လံကြည့်ရှုပြီး ဒေသခံတောင်သူ များ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စပါးအထွက်နှုန်းနှင့်ဗက်တီးရီးယားရွက်ခြောက်ရောဂါ

နန်းကြူကြူဝင်း(YAU)

**မြန်မာနိုင်ငံသည်စပါးသီးနှံကိုအဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ခုနှစ် စာရင်းအင်းများအရ နှစ်စဉ်စပါးစိုက်ဧက ၁၇ သန်းခန့်ရှိသည်။ နွေစပါးနှင့် မိုးစပါး နှစ်ကြိမ်စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ်ပျမ်းမျှအထွက်နှုန်းမှာ တန်ချိန် ၂၇ သန်းကျော်ဖြစ်သည်။ အရည်အသွေးကောင်းစပါးမျိုးများ၊ အထွက်တိုးစပါးမျိုးများ၊ ဒေသမျိုးများ အစရှိသဖြင့် စပါးမျိုးပေါင်းများစွာ စိုက်ပျိုးကြလျက်ရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးရည်ရွယ်၍ ပန်းတိုင်အထွက်နှုန်းများရရှိအောင် စိုက်ပျိုးသူတောင်သူများ၊ သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဆိုင်ရာပညာပေးသူများနှင့် လုပ်ငန်းရှင်များသည် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

အထွက်တိုးစပါးမျိုးများသည် ယေဘုယျအားဖြင့် သီးနှံအထွက်နှုန်းမြင့်မားသလို မြေသြဇာသွင်းအားစု ပိုမိုထည့်သွင်းရသောကြောင့် အပင်ရောဂါအချို့ကျရောက်ဖြစ်ပွားမှုအားပေးစေသည်။ အပင်ရောဂါများဖြစ်ပွားမှု၏ အကျိုးဆက်ကြောင့် စပါးအထွက်နှုန်းလျော့နည်းစေသည်သာမက ဆန်စေ့အရည်အသွေးများကို ကျဆင်းစေသည်။ စပါးရောဂါများ အနက် မျိုးမရွေး၊ ရာသီမရွေး၊ နေရာမရွေးကျရောက်ဖြစ်ပွားလေ့ရှိပြီး စပါးအထွက်နှုန်းကိုပါ ဆိုးရွားစွာထိခိုက်စေတတ်သည့်ရောဂါမှာ ဗက်တီးရီးယားရွက်ခြောက်ရောဂါဖြစ်သည်။

စိုက်ခင်းတွင် ရောဂါစောစောကျရောက်လျှင် အထွက်နှုန်းထိခိုက်မှုသည်လည်း အမြင့်ဆုံးဖြစ်သည်။ စိုက်ပျိုးသည့် စပါးမျိုးသည် ဤရောဂါအား ခံနိုင်ရည်မဲ့ပြီး စိုက်ပျိုးချိန် ရာသီဥတုအခြေအနေသည် ရောဂါကို အားပေးသည့် အနေအထားရှိခဲ့လျှင် အထွက်ဆုံးရှုံးနိုင်မှုသည် ၇၅ ရာခိုင်နှုန်းအထိရှိကြောင်း ပါကစ္စတန်နိုင်ငံမှ သုတေသနပြုတွေ့ရှိဖော်ထုတ်တင်ပြထားသည်။ အပင်ရောဂါများ ထိရောက်စွာနှိမ်နင်းရန် ရောဂါအမျိုးအမည်ကို မှန်ကန်စွာဖော်ထုတ်ခြင်းသည် အရေးကြီးသဖြင့် ရွက်ခြောက်ရောဂါဖြစ်ပွားလျှင် သိသာထင်ရှားသည့် ပင်ပြလက္ခဏာများကို ပုံနှင့်တကွ ဆက်လက်ဖော်ပြထားသည်။ ရွက်ခြောက်ရောဂါအား ကာကွယ်နှိမ်နင်းနည်းလမ်းများအား သုတေသနရလဒ်များနှင့်အတူ ဆွေးနွေးတင်ပြထားသည်။

**ရွက်ခြောက်ရောဂါ ပင်ပြလက္ခဏာ**

ရောဂါသည် များသောအားဖြင့် ရွက်ပြားများတွင် ကျရောက်တတ်ပြီး ရံဖန်ရံခါ ရွက်ဖုံးများနှင့် စပါးစေ့အခွံများတွင် ကျရောက်တတ်သည် (ပုံ-က)။ ရွက်ပြားများတွင် ရောဂါစတင်ချိန်တွင် အရွက်ထိပ်ပိုင်းရှိ အနားသတ်များတွင် သေးငယ်သောရေစိုနာကွက်များကိုတွေ့ရမည်။ ၎င်းအနာကွက်များတဖြည်းဖြည်း ကျယ်ပြန့်လာခြင်းဖြင့် လှိုင်းတွန့်ပုံစံအနာကွက်များ ဖြစ်လာပြီး အဝါရောင်ပြောင်းလာမည်။

နံနက်စောစောအချိန်၌ ၎င်းအနာကွက်များပေါ်တွင် ဗက်တီးရီးယားစိမ့်ဝင်နေသော နို့နှစ်ရောင်ရေပေါက်ရေစက်များကို တွေ့ရနိုင်သည် (ပုံ-ခ)။ အပင်ငယ်များတွင်လည်း ရောဂါကျရောက်နိုင်သည်။ ရွှေ့ပြောင်းစိုက်သည့် ပျိုးပင်ငယ်များ တစ်ပတ်မှနှစ်ပတ်အတွင်း



(ပုံ-က) ရွက်ခြောက်ဗက်တီးရီးယားကျရောက်မှုကြောင့် စပါးစေ့အခွံပေါ်တွင် ညိုမည်းရောင် အနာကွက်များဖြစ်နေပုံ။

အရွက်များ မီးခိုးဖျော့ရောင်ပြောင်းခြင်း၊ ပျိုးပင်ငယ်များ ရုတ်တရက်သေခြင်းတို့ကြောင့် အပင်ငယ်များ ရေပေါ်တွင် ပေါလောပေါ်နေသည့်လက္ခဏာများ တွေ့ရမည်။



(ပုံ-ခ) ရောဂါကျနေရာတွင် ဗက်တီးရီးယားစိမ့်ဝင်ရေပေါက်များအား နံနက်အစောပိုင်းတွင်မြင်ရပုံ။

**စပါးမျိုးများအလိုက် ရောဂါခံနိုင်ရည်ရှိမှု**

ရောဂါကျရောက်မှုစစ်တမ်းများအရ မနောသုခစပါးမျိုးသည် ရွက်ခြောက်ရောဂါကို ခံနိုင်ရည်မဲ့ကြောင်း တွေ့ရှိထားသည်။ သို့ဖြစ်၍ ရွက်ခြောက်ရောဂါဆိုင်ရာ သုတေသနအမျိုးမျိုးတွင် မနောသုခစပါးမျိုးကို အမြဲထည့်သွင်းစမ်းသပ်လျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းစိုက်ပျိုးသည့် ဒေသစပါးမျိုး ၄၀ ကို ရွက်ခြောက်ဗက်တီးရီးယားမျိုးကွဲများဖြင့် ရောဂါခံနိုင်ရည်ရှိမှုအား စမ်းသပ်တွေ့ရှိမှုအရ ဗက်တီးရီးယားမျိုးကွဲအလိုက် စမ်းသပ်စပါးမျိုးများတွင် ရောဂါဖြစ်နှုန်းကွာခြားမှုရှိသည်။ ဆင်းသုခစပါးမျိုးနှင့် ကယားပြည်နယ်မှ ဒေသမျိုး **ယားပေါက်**တို့သည် ရောဂါခံနိုင်ရည်ရှိ မျိုးအဖြစ်တွေ့ရှိခဲ့ပြီး အခြားစမ်းသပ်မျိုးများသည် ရောဂါကိုခံနိုင်ရည်မရှိကြောင်း တွေ့ရှိခဲ့ကြသည်။ ၂၀၁၉ ခုနှစ်တွင် အပင်ရောဂါအထူးပြုနောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ကြိုသုတေသနစာတမ်းတွင် စပါးမျိုးလိုင်း (၄၃) အပါအဝင် စပါး ၇၀ မျိုးတို့မှ ရွက်ခြောက်ရောဂါခံနိုင်ရည်ရှိသည့် စပါးမျိုးများစမ်းသပ်ရွေးချယ်ခဲ့သည်။ ထိုမျိုးများမှ ဘုတစ်သီး (Bu Ta Thee)၊ YAU-1211-20-1-1 နှင့် ခေါက်မဲဖောင် (Khao Mae Paung)တို့သည် ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး မှော်လုံ (Hmaw Lon)၊ အနာဝါဘို (Anawar Bo)၊ မစန္ဒာ (Ma Sandar)၊ ငေါင် (Ngaung)နှင့် သီရိဒုံ (ရခိုင်) Thiridon (Rakhine)တို့သည် ရောဂါအား ခံနိုင်ရည်မဲ့ကြောင်း တွေ့ရှိမှတ်တမ်းတင်ထားသည်။

**စပါးအပင်သက်တမ်းအလိုက် ရောဂါခံနိုင်ရည်ရှိမှု**

စပါးပင် ဖုံးတုန်းလုံးတုန်းအချိန်တွင် ရောဂါကျရောက်ပါက စပါးစေ့အရည်အသွေးလျော့စေပြီး ဆန်စေ့ကျိုးကြေနှုန်း မြင့်မားစေနိုင်သည်။

**ရောဂါဖြစ်ပွားစေရန် အားပေးသည့်အခြေအနေများ**

စိုက်ခင်းအတွင်း ရောဂါလက်ခံပေါင်းပင်များရှိခြင်း၊ ရောဂါကျစပါးရိုးပြတ်များနှင့် စပါးလမိုင်းခင်းများရှိခြင်း၊ စိုက်ခင်းနှင့် ရေသွင်းရေထုတ်မြောင်းများတွင် ရွက်ခြောက်ဗက်တီးရီးယားများရှိခြင်း၊ ရာသီဥတုပူနွေးခြင်း(အပူချိန် ၂၅-၃၀ ဒီဂရီစင်တီဂရိတ်)၊ မိုးရွာသွန်းခြင်း၊ လေထုစိုထိုင်းဆမြင့်မားခြင်း၊ လေပြင်းထန်စွာ တိုက်ခတ်ခြင်းကြောင့် အပင်များဒဏ်ရာရစေခြင်း၊ မြေသြဇာအလွန်အကျွံသုံးစွဲခြင်း အစရှိသည်တို့သည် ရောဂါဖြစ်ပေါ်မှုကို အားပေးသည်။ ပျိုးပင်များ ပြောင်းရွှေ့စိုက်ပျိုးချိန်ကိုင်တွယ်ခြင်းနှင့် အသုံးပြုသည့်ပစ္စည်းများမှတစ်ဆင့် ရောဂါဆက်လက်ပြန့်ပွားခြင်းကိုဖြစ်စေသည်။

**ရောဂါကာကွယ်နှိမ်နင်းခြင်းအစီအမံများ စိုက်ပျိုးသည့်နည်းစနစ်များ**

ရောဂါခံနိုင်ရည်ရှိသည့် စပါးမျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ ပင်ကြားတန်းကြား (၈ လက်မ x ၈ လက်မ) ထား၍ စပါးရုံများ လေဝင်လေထွက်ကောင်းစေရန် စိုက်ပျိုးခြင်း၊ ရာသီစော၍စိုက်ပျိုးခြင်း (ပထမရက်သတ္တပတ် ဇွန်- ဇူလိုင်)၊ နိုက်ထရိုဂျင်မြေသြဇာနှုန်းထားမှန်ကန်စွာသုံးစွဲခြင်း (တစ်ဧက ယူရီးယား ၁၁၂ ပေါင်နှုန်း)၊ မြေပြင်ချိန်ပိုတက်မြေသြဇာ(တစ်ဧက ၂၈ ပေါင်နှုန်း)သုံးစွဲခြင်း၊ ရောဂါလက်ခံထားနိုင်သည့် စပါးပင်များ၊ ပေါင်းပင်များ၊ ပင်ကြွင်းပင်ကျန်များအား ဖယ်ရှားခြင်း၊ ရောဂါကျအပင်များ၊ ကောက်ရိုးများအား စနစ်တကျဖယ်ရှားဖျက်ဆီးခြင်းများပြုလုပ်၍ ရောဂါဖြစ်စေနိုင်သည့်အရင်းအမြစ်များနှင့် စိုက်ပျိုးချိန်ရောဂါဖြစ်ပွားနိုင်မှုနှင့် စိုက်ပျိုးရာသီနှောင်းပိုင်းတွင် ရောဂါဆက်လက်ပြန့်ပွားနိုင်မှုတို့ကို ထိန်းချုပ်ကာကွယ်ပေးနိုင်သည်။

ပိုတက်မြေသြဇာသည် စပါးပင်ကြီးထွားမှုကို အားပေးစေနိုင်ရုံမက အပင်ရောဂါဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြောင်း တွေ့ရှိထားကြသည်။ ဤတွေ့ရှိချက်ကို ပိုမိုခိုင်မာစေရန် အပင်ရောဂါဗေဒဌာန၌ ၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် မနောသုခစပါးမျိုးကို ရောဂါထိုးသွင်းပြီး ပိုတက်မြေသြဇာ (တစ်ဧက ၂၈ ပေါင်နှုန်း)ဖြင့် ပင်ပွားအများဆုံးအဆင့်နှင့် မှိုကပ်သည့်အဆင့်တို့တွင် နှစ်ကြိမ်ထည့်သွင်းစမ်းသပ်ခဲ့သည်။ ပိုတက်ထည့်သွင်းထားသည့် စပါးပင်များသည် ရောဂါဖြစ်ပွားမှု ၇၀ ရာခိုင်နှုန်းဖြစ်၍ ပိုတက်မြေသြဇာထည့်သွင်းခြင်းမရှိသည့် အပင်များသည် ရောဂါကျရောက်မှု ၁၀၀ ရာခိုင်နှုန်းဖြစ်သည်။

ထို့ကြောင့် ပိုတက်မြေသြဇာထည့်သွင်းခြင်းသည် စပါးပင်၏ ရောဂါဖြစ်ပွားမှုကို ၃၀ ရာခိုင်နှုန်းလျော့ကျစေသည်။ ပိုတက်မြေသြဇာထည့်သွင်းခြင်းမရှိသည့် ဗလာစမ်းသပ်ကွက်တွင် ရွက်ခြောက်ရောဂါကြောင့် မနောသုခစပါးမျိုး၏ အထွက်နှုန်းဆုံးရှုံးမှုသည် ၅၁ ရာခိုင်နှုန်းဖြစ်သည်။ ပိုတက်ထည့်သွင်းသည့်အခါ အထွက်ဆုံးရှုံးမှုသည် ၁၈ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ပိုတက်မြေသြဇာ နှစ်ကြိမ်ထည့်သွင်းခြင်း




(ပုံ-ဂ) ရောဂါထိုးသွင်းထားသော အပင်များအပေါ် ပိုတက်မြေသြဇာအကျိုးသက်ရောက်မှု (၁)- မြေသြဇာမထည့်ခြင်း။

သည် ရောဂါကြောင့် စပါးအထွက်ဆုံးရှုံးနိုင်မှုကို ၃၃ ရာခိုင်နှုန်းခန့်အထိ လျော့ကျစေကြောင်းတွေ့ရှိရသည်။ ပိုတက်မြေသြဇာကိုသင့်လျော်သောနှုန်းထားဖြင့် အသုံးပြုခြင်းသည် ရွက်ခြောက်ရောဂါဒဏ်ခံနိုင်ရည်ကောင်းစေရုံသာမက တစ်ရုံပါ ပင်ပွား၊ အရွက်၊ စပါးနှံ၊ အစေ့အဆန် အောင်မြင်မှုနှုန်းများစေနိုင်ကြောင်း သက်သေဖြစ်သည်(ပုံ-ဂ)။




(ပုံ-ဂ) ရောဂါထိုးသွင်းထားသော အပင်များအပေါ် ပိုတက်မြေသြဇာအကျိုးသက်ရောက်မှု (၂)- မြေသြဇာထည့်ထားခြင်း။

**ဓာတုဆေးများ အသုံးပြုခြင်း**

စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါကို ကော့ပါးပါဝင်ဖော်စပ်ထားသော ဆေးများအသုံးပြု၍ ဆေးနှုန်းထားမှန်ကန်ပြီး အသုံးပြုချိန်မှန်ကန်လျှင် ထိရောက်စွာကာကွယ်နိုင်ကြောင်း တွေ့ရှိထားသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်ရောဂါဗေဒဌာန၌ ဗက်တီးရီးယားရောဂါကြောင့် စပါးအထွက်နှုန်းအပေါ်သက်ရောက်မှုအား မနောသုခစပါးမျိုးကို နွေစပါးနှင့် မိုးစပါး နှစ်ကြိမ်စိုက်ပျိုး၍ စမ်းသပ်ခဲ့သည်။ ဤသုတေသနတွင် စပါးပင်များအား ရောဂါမထိုးသွင်းခင်ကြိုတင်၍ ဗက်တီးရီးယားသတ်ဆေး (Kasugamycin၊ 2.5 ccL-1)ကို ဖျန်းခြင်းကို ဆေးမဖျန်းခြင်း စမ်းသပ်ကွက်များဖြင့် နှိုင်းယှဉ်လေ့လာခဲ့သည်။ ရောဂါထိုးသွင်းပြီး ၁၄ ရက်အကြာ၊ အပင်သက်တမ်း ၁၀၈ ရက်တွင် ဆေးမဖျန်းသည့် စိုက်ကွက်တွင် ရောဂါကျရောက်မှု ၁၀၀ ရာခိုင်နှုန်းရှိပြီး စပါးအထွက်နှုန်းအား ၅၁ ရာခိုင်နှုန်းလျော့ကျစေသည်။ တစ်ကြိမ်ဆေးကြိုဖျန်းပေးထားခြင်းသည် ရောဂါကျရောက်မှု သိသာစွာလျော့နည်းစေပြီး အထွက်နှုန်းဆုံးရှုံးမှုသည် ၂၄ ရာခိုင်နှုန်းခန့်ဖြစ်သည်။ သုတေသနရလဒ်အရ မနောသုခစပါးမျိုးတွင် ပင်ပွားအများဆုံးထွက်ချိန်၌ ဆေးတစ်ကြိမ်ဖျန်းပေးခြင်းသည် ရွက်ခြောက်ရောဂါကြောင့် အထွက်နှုန်းဆုံးရှုံးမှုကို တစ်ဝက်ခန့်လျော့ကျစေနိုင်ကြောင်း တွေ့ရှိရသည်။

နိဂုံးချုပ်အားဖြင့် စပါးမျိုးသစ်များ အစဉ်အမြဲပြောင်းလဲစိုက်ပျိုးလာခြင်းဖြင့် ရောဂါဖြစ်စေသည့် ဗက်တီးရီးယားသည်လည်း ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် သဘာဝအလျောက်ခံနိုင်ရည်ရှိ မျိုးရိုးဗီဇများအဖြစ် ပြောင်းလဲလာကြသည်။ သို့ဖြစ်၍ စဉ်ဆက်မပြတ် သုတေသနများပြုလုပ်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် စပါးမျိုးများနှင့် ရောဂါဒဏ်ခံနိုင်ရည်ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး သုတေသနပညာရှင်များနှင့် စပါးမျိုးများ ဖြန့်ဝေထုတ်လုပ်သူလုပ်ငန်းရှင်များသည် ပူးပေါင်း၍ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။ ။

# လူနာရှင်နှင့် လူနာမေးသူများ သတိပြုစရာ

ကြည်လွင်မြင့်(မုဒြာ)

တစ်ခါက စာရေးသူ၏ လူနာမိတ်ဆွေတစ်ဦးက ဖုန်းဆက်ပြောလာပါသည်။ အသက် ၈၀ ဝန်းကျင် သူတို့၏ဖခင်ကြီး နံနက်အိပ်ရာအထ အပေါ့အပါး သွားပြီး ရေအိမ်မှအဆင်းတွင် မူးလဲသွားကြောင်း၊ ခဏအကြာတွင် ပြန်သတိရလာပြီး အိမ်အနီးအနားမှ ဆရာဝန်ကိုပင့်၍ သွေးပေါင်ချိန်သောအခါ သွေးတိုး နေကြောင်းပြောပြီး လိုအပ်သောဆေးထိုးပေးသွား သည်။ စောင့်ကြည့်ရန်လိုအပ်ကြောင်း ပြောသွား သည်။

သတိပြန်လည်လာသော သူတို့ဖခင်ကြီးမှာ ညာဘက်လက်၊ ခြေများ လေးနေသည်။ စကားပြောလျှင် လျှာလေးပြီး သိပ်မပီသလိုဖြစ်နေသည်။ ရေတိုက်လျှင် မျိုချမရဘဲ သီးချင်သည်ဟုပြောပါသည်။

စာရေးသူ၏အတွေ့အကြုံအရ သူ့ဖခင်ကြီးမှာ လေဖြတ်ဝေဒနာကို စတင်ခံစားနေရပြီဖြစ်သည်။ ညာဘက်ခြမ်းလေဖြတ်လျှင် သန်သည့်ဘက်ဖြစ်သဖြင့် လျှာပါလေးသွားလေ့ရှိသည်။ စကားပြောလျှင် မပီမသဖြစ်ပြီး တချို့မှာ လုံးဝမပြောနိုင်သည်အထိ လေဖြတ်သွားတတ်သည်။

သူတို့က လူနာကို စာရေးသူ၏အကြောပြင် ဆေးခန်းသို့ခေါ်လာပြီး အကြောပြင်လိုက်လျှင် ပြန်ကောင်းသွားမည်ထင်ကြောင်း ပြောသည်။

စာရေးသူက ဆေးရုံအရင်တင်ရမည်ဖြစ်ကြောင်း၊ ယခုခေတ်ပေါ် ဦးခေါင်းဓာတ်မှန်ရိုက်ရန်လိုကြောင်း နှင့် ဦးနှောက်အတွင်း သွေးကြောပိတ်၍ဖြစ်သလား၊ သွေးကြောစိမ့်ပေါက်သွားသလား စစ်ဆေးရန် ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီး တစ်ဦးဦးထံပြသရန်လိုအပ်ကြောင်းပြောရာ သူတို့က ဆေးရုံမတက်လိုကြောင်း၊ စရိတ်ကြီး၍မဟုတ်ကြောင်း၊ သူတို့ဖခင်ကြီးက ဆေးရုံကြောက်သည့်စိတ်ရှိသူဖြစ်ကြောင်း၊ ဆေးရုံရောက်လျှင် ပိုဆိုးသွားနိုင်ကြောင်းပြောလာသည်။

ထို့ပြင် "လေဖြတ်တာ ဗမာဆေးကပိုကောင်းတယ်။ အနှိပ်နဲ့ပျောက်သွားတဲ့သူတွေ အများကြီးရှိနေတာပဲ" ဟု လွဲမှားသောအယူအဆကို ပြောပြန်သည်။

ဤအယူအဆမှာ မှားယွင်းသောအယူအဆဖြစ်သည်။ လူတစ်ယောက် လေဖြတ်လဲကျသွားလျှင် ပထမဆုံး ဦးစားပေးကုသရမည့်အချက်မှာ သူ၏ သွေးပေါင်အတက်အကျကို ထိန်းပေးရန်ဖြစ်သည်။ အထူးသဖြင့် ဦးခေါင်းအတွင်းတွင်ဆို့နေသော သွေးခဲကိုဖယ်ရှားရန် သို့မဟုတ် ပေါက်နေသော၊ ယိုစိမ့်နေသော သွေးကြောရှိ၊ မရှိရှာဖွေပြီး သွေးယိုခြင်းကို ရပ်အောင် ကုသရန်လိုအပ်သည်။

လေဖြတ်သည့်လူတိုင်း ဦးနှောက်သွေးကြောပေါက်ခြင်းမဟုတ်ပါ။ ဦးနှောက်သို့ သွေးထောက်ပံ့မှုမရခြင်း အကြောင်းရင်းများစွာရှိသည်။ သွေးပေါင်ချိန်တက်၍ သွေးကြောပေါက်ခြင်းရှိသကဲ့သို့ နှလုံးမှ သွေးခဲ၊ အဆီခဲတစ်စုံတစ်ရာမျောပါသွားပြီး ဦးနှောက်တွင် ပိတ်ဆို့ခြင်းလည်းရှိသည်။ ထို့ပြင် ရိုးရာတိုင်းရင်းဆေးပညာအယူအဆအရ လေပိတ်၍ လေပူဖောင်းပိတ်၍လည်း ဦးနှောက်သို့သွေးမရောက်ဘဲ လေဖြတ်နိုင်သည်။

နှလုံးရောဂါရှိသူများတွင် နှလုံးတိုက်ခိုက်ခံရခြင်း (Heart Attack) ဖြစ်သကဲ့သို့ လေဖြတ်ခြင်းသည် ဦးနှောက်တိုက်ခိုက်ခံရခြင်း(Brain Attack)ဖြစ်သည်ဟု ခေတ်မီဆေးပညာရှင်များက ဆိုကြသည်။

ရှေးကသုံးစွဲခဲ့သော ဝေါဟာရမှာ ဦးနှောက်သွေးကြော မတော်တဆထိခိုက်ပျက်စီးမှုဟုဆိုသည်။ သို့သော်လည်း လေဖြတ်ခြင်းမှာ နှစ်ရှည်အနေအထိုင်၊ အစားအသောက်မှားခဲ့မှုများကြောင့်ဖြစ်နိုင်သဖြင့် မတော်တဆမှုတစ်ခုအဖြစ်တော့ အမြဲမမှန်ကန်နိုင်ချေ။

ခန္ဓာကိုယ်တွင် လျှာဖြစ်စေ၊ ကိုယ်တစ်ခြမ်းဖြစ်စေ၊ ခြေတစ်ချောင်း သို့မဟုတ် လက်တစ်ဖက်ဖြစ်စေ မလှုပ်ရှားနိုင်လျှင် နာရီပိုင်းမျှသာဖြစ်ပြီး ပြန်ကောင်းသွားလျှင် လေဖြန်းသည်ဟုခေါ်ဆိုနိုင်ကာ နာရီပိုင်းထက်ပိုပြီး ၂၄ နာရီကျော်သွားလျှင် လေဖြတ်သည်ဟုခေါ်ဆိုနိုင်သည်။

> "လူနာမေးကြသူများအနေဖြင့် လူနာအပေါ်တွင် လွှမ်းမိုးသောအပြုအမူများ မလုပ်သင့်ပါ။ ဘယ်အစာမတည့်ဘူး၊ လေတိုက်မခံနဲ့၊ အဲကွန်းမတည့်ဘူး၊ တံခါးပေါက်တွေ ပိတ်ထား၊ ပန်ကာမဖွင့်နဲ့၊ အစာမစားနဲ့၊ ရေမသောက်နဲ့ စသည့်မလိုအပ်သောညွှန်ကြားချက်များ မလုပ်သင့်ပါ။ လက်တွေ့ဒုက္ခရောက်သွားသူမှာ လူနာဖြစ်သည်. . ."

နာရီပိုင်းမျှ လေဖြန်းသွားပြီး ပြန်ကောင်းသွားလျှင် ပေါ့ပေါ့ဆဆနေသူများရှိသည်။ မပေါ့ဆသင့်ပေ။ နောင်နှစ်အနည်းငယ်အတွင်း လေဖြတ်မည့် ရှေ့ပြေးလက္ခဏာဖြစ်သည်။

တချို့က လေဖြန်းခြင်းကို အနှိပ်ခံလိုက်တာ တစ်ခါတည်းနဲ့ ပြန်ကောင်းသွားတယ်ဟု ပြောကြသည်။ ရှေ့ပြေးလက္ခဏာဖြစ်၍ မနှိပ်လည်းပြန်ကောင်းမည်သာဖြစ်ပါသည်။ တချို့အနှိပ်သည်များကလည်း လေဖြတ်နေသည်ကို တစ်ခါနှိပ်သည်နှင့် ပြန်ကောင်းသွားသည်ဟု ပြောလေ့ရှိကြသည်။ လေဖြတ်ခြင်းသည် အလွယ်တကူပြန်ကောင်းနိုင်သည့်ဝေဒနာမျိုး မဟုတ်ပါ။

လေဖြတ်သူတွင် ရောဂါပေါင်းစုံရှိနေတတ်သည်။ သွေးတိုးရောဂါရှိလျှင် သွေးတိုးကုသခြင်း၊ ဆီးချိုရောဂါရှိလျှင် ဆီးချိုကုသခြင်း၊ နှလုံးရောဂါရှိလျှင် နှလုံးကုသခြင်းများကို ဦးစွာပြုလုပ်ပြီးမှသာ အာရုံကြောပြန်လည်သန်စွမ်းရေးဆရာက အကြောပြင်ကုသရမည်ဖြစ်သည်။ အချိန်မတိုင်မီ အကြောပြင်ခြင်း၊ အနှိပ်ဖြင့်ကုသခြင်း မပြုလုပ်သင့်ပါ။

မလိုအပ်သောကြန့်ကြာမှုကြောင့် ဦးနှောက်အတွင်း သွေးယိုစီးမှုလွန်ကဲသွားလျှင် အသက်ဆုံးရှုံးနိုင်သည်။ သွေးကြောပိတ်ဆို့မှုကိုမဖယ်ရှား၊ မကုသနိုင်လျှင်လည်း သွေးထောက်ပံ့မှုမရသော ဦးနှောက်အစိတ်အပိုင်းမှာ သေသွားနိုင်၊ ပုပ်သွားနိုင်သည်ကို အထူးပင်သတိပြုရန်လိုသည်။

ဤသို့သောအကြောင်းများကြောင့် စာရေးသူ မိတ်ဆွေ၏ဖခင်ကို စာရေးသူက ဆေးရုံတက်ရန် တိုက်တွန်းရခြင်းဖြစ်သည်။

စာရေးသူ၏တိုက်တွန်းချက်အရ ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီးတစ်ဦးနှင့်ပြပြီး ငွေကြေးလည်း အတော်အသင့်တတ်နိုင်သူများဖြစ်သဖြင့် ပြင်ပဆေးရုံကြီးတစ်ခုတွင် တက်ရောက်ကုသလေသည်။

ပြင်ပဆေးရုံကြီး၏ အထူးခန်းထဲတွင် အဲကွန်းနှင့် ကျယ်ကျယ်ဝန်းဝန်းနေရသောကြောင့် မိသားစုအားလုံးလိုက်သွားနိုင်ပြီး အနီးကပ်ပြုစုသဖြင့် ဖခင်ကြီးမှာလည်း စိတ်ချမ်းသာ၍ ဆေးရုံရောက်ပြီးချိန်အထိ ရွှင်လန်းလျက်ရှိသည်ဟုဆိုသည်။

ကံကောင်းထောက်မစွာ ဦးနှောက်ဓာတ်မှန်အဖြေထွက်လာသောအခါတွင်လည်း အလွန်သေးငယ်သော သွေးခဲပိတ်ဆို့ခြင်းသာဖြစ်ပြီး ဆေးသွင်းရုံဖြင့် ကြေသွားနိုင်ကြောင်း သိရသဖြင့် ဝမ်းသာကြသည်။ ဆေးရုံတွင် သိပ်ကြာကြာနေရဖို့မရှိကြောင်း ပြောသည်။ စာရေးသူက ဆေးရုံတက်ရန် တိုက်တွန်းခဲ့သောကြောင့် အဖြေကို ရှင်းရှင်းလင်းလင်းသိရသဖြင့် ကျေးဇူးအထူးတင်ကြောင်းလည်း ပြောကြသည်။

သို့သော် သိပ်မကြာလိုက်ပါ။ ဆေးရုံတက်ပြီး နောက်တစ်ရက်နံနက်မှာပင် သူတို့ဖခင်ကြီးမှာ ဆေးရုံပေါ်တွင် သတိလစ်ပြီး တက်မလိုဖြစ်သွားသဖြင့် အခြေအနေဆိုးသွားကြောင်း၊ ဆရာဝန်ကြီးများက အရေးပေါ်အောက်ဆီဂျင်စက်တပ်ပေးထားကြောင်း ဖုန်းဖြင့်ပြောသဖြင့် များစွာစိတ်မကောင်းဖြစ်ရသည်။

စာရေးသူသည် လူချင်းလည်း နှစ်ပေါင်းများစွာ ရင်းနှီးခဲ့သော လူနာမိတ်ဆွေများဖြစ်သဖြင့် သတင်းမေးရန် ဆေးရုံသို့လိုက်သွားပါသည်။ ဆေးရုံရောက်တော့မှ အဖြစ်မှန်ကို သိလိုက်ရပါတော့သည်။

မနေ့က သူတို့ဖခင်ကြီးကို ဆေးရုံလာမေးသူ လူ ၂၀ ခန့်ရှိသည်ဟု ဆိုသည်။ လူများမှာ အခန်းနှင့် အပြည့်ဖြစ်နေသည်။ ပုဂ္ဂလိကဆေးရုံဖြစ်သဖြင့် ဆရာဝန်ကြည့်ချိန်မှလွဲ၍ ဧည့်သည်အကုန်အဝင်ခံသည်။ ဆွေမျိုးသားချင်းများအနက် တစ်ဦးက ဆေးရုံအခန်းထဲတွင်ဖွင့်ထားသော အဲကွန်းကို "အေးလိုက်တာ။ ဘာလို့ အဲကွန်းဖွင့်ထားရတာလဲ။ လေဖြတ်တဲ့လူနဲ့ အဲကွန်းက မတည့်ဘူး" ဟုဆိုကာ ပိတ်သွားခဲ့သည်ဟု ပြောသည်။

ထိုဆေးရုံတတိယထပ်ရှိ သူတို့ငှားထားသော အခန်းကျယ်ကြီးမှာ လေဝင်ပေါက်မရှိပါ။ ခြင်မဝင်နိုင်စေရန် လေလုံလုပ်ထားသော အအေးခန်းအမျိုးအစားဖြစ်သည်။ ဤသို့သောအခန်းကို လေဖြတ်သူနှင့်မတည့်ဟုဆိုကာ အဲကွန်းပိတ်လိုက်သောအခါ လေကောင်းလေသန့်မရှိသော အခန်းဖြစ်သွားသည်။ အောက်ဆီဂျင်ပြတ်သွားသည်ဟုလည်း ပြောနိုင်ပေသည်။

လေဖြတ်သွား၍ ဦးနှောက်လေပိတ်နေသူမှာ လေကောင်းလေသန့်မရသောအခါ သတိလစ်ပြီး တက်သွားခြင်းဖြစ်သည်။ အဆုတ်အတွင်းသို့ လေကောင်းလေသန့်မဝင်သဖြင့် သွေးမသန့်စင်တော့ဘဲ မွန်းကျပ်သွားခြင်းဖြစ်လေသည်။

အလွန်ကြောက်စရာကောင်း၍ သတိပြုရမည့်ကိစ္စဖြစ်ပါသည်။ လူနာမေးကြသူများ အထူးသတိပြုရန်လိုအပ်သည်။ အားပေးရန်လာခြင်းသည် စုပြုံလာသောအခါ အခန်းကျဉ်းလေးတွင် လူငွေ့များကြောင့် အသက်ရှူကျပ်စေသည်။

လူနာမေးကြသူများအနေဖြင့် လူနာအပေါ်တွင် လွှမ်းမိုးသောအပြုအမူများမလုပ်သင့်ပါ။ ဘယ်အစာမတည့်ဘူး၊ လေတိုက်မခံနဲ့၊ အဲကွန်းမတည့်ဘူး၊ တံခါးပေါက်တွေ ပိတ်ထား၊ ပန်ကာမဖွင့်နဲ့၊ အစာမစားနဲ့၊ ရေမသောက်နဲ့ စသည့်မလိုအပ်သောညွှန်ကြားချက်များ မလုပ်သင့်ပါ။ လက်တွေ့ဒုက္ခရောက်သွားသူမှာ လူနာဖြစ်သည်။

စာရေးသူသည် သူ့ဖခင်ကြီးအခန်းကို အဲကွန်းပြန်ဖွင့်ခိုင်းသည်။ အေးလွန်းလျှင် အအေးချိန်ပြန်လျှော့ပေးရန်လည်း မှာရသည်။ လူနာမေးမည့်ဧည့်သည်များကိုလက်ခံလျှင် တစ်ပြိုင်တည်းမဝင်ကြဘဲ အချိန်ခွဲပြီး နှစ်ယောက်၊ သုံးယောက်သာဝင်ရန် အကြံပြုခဲ့သည်။

အဲကွန်းပြန်ဖွင့်ပြီး လူဝင်လူထွက်လျှော့လိုက်သောအခါ နောက်နေ့များတွင် လူနာအခြေအနေ ပြန်ကောင်းလာသည်။ အောက်ဆီဂျင်ပိုက်လည်း ဖြုတ်လိုက်ရပြီး ပြန်လည်လန်းဆန်းလာသည်။ စကားမပြောနိုင်သေးသော်လည်း လေသံမျှထွက်လာသည်။ မျက်လုံးဖွင့်ပြီး ကြည့်လာသည်။

စာရေးသူ၏ မိတ်ဆွေမိသားစုများမှာ ဆေးရုံအတွေ့အကြုံမရှိခြင်းကြောင့် ကြောက်နေခြင်းမှာ မဆန်းပါ။ ယခုအခါ ဆေးရုံအချိန်မီရောက်ရှိခြင်းကြောင့် လူနာအသက်ကယ်နိုင်သောအကျိုးကို သိရပြီဖြစ်သည်။ သို့သော် သူတို့ကို ဆေးရုံတက်ရန် တိုက်တွန်းမိသော စာရေးသူ၏အသိဉာဏ်တွင် ဝင်လာ၊ မြင်လာသည့်အရာများမှာ မဆုံးနိုင်တော့ပါ။ ကျန်းမာရေးချို့ယွင်းလျှင် နာရီမလပ် အချိန်ပြည့် စောင့်ရှောက်မှုကို ဆေးရုံကြီးများက ပေးနိုင်သည်မှာ မှန်ပါသည်။ သို့သော် လူနာရှင်များဘက်မှလည်း အောက်ပါအချက်များကို သတိပြုရန်လိုအပ်သည်–

- ဆေးရုံကို ကြောက်ရန်မလို။
- အပန်းဖြေဟိုတယ်တစ်ခုကဲ့သို့လည်း မမှတ်ယူစေလိုပါ။
- မိသားစုဝင်အားလုံး ဆေးရုံတွင် စုပြုံမနေသင့်ပါ။ လိုအပ်သလိုသာ အလှည့်ကျစောင့်ရှောက်ပါ။
- ဆေးရုံတက်ရသည့်သတင်းကို မိတ်ဆွေများအား မလိုအပ်ဘဲ မပြောပါနှင့်။
- ဆေးရုံသတင်းမေးလာသူများလျှင် လူနာအားရှိသည်မှာမှန်သော်လည်း လူများလျှင်မကောင်းပါ။
- ဆေးရုံတွင် တာဝန်ရှိသူများက နည်းမှန်လမ်းမှန် ကုသပေးနေသဖြင့် မလိုအပ်သော ပြင်ပအကြံပေးချက်များကို မပြုလုပ်ပါနှင့်။
- ဆေးရုံမှ လိုအပ်၍ တပ်ဆင်ထားသော စက်ကိရိယာအသုံးအဆောင်များကို မိမိနှင့်မဆိုင်ဘဲ မဖြုတ်၊ မတပ်ပါနှင့်။
- လူနာမေးသူသည် မိမိယုံကြည်ရာတစ်ခုခုကို ဆေးရုံတက်နေသူအား လုပ်ခိုင်းခြင်းဖြင့် လူနာကို ဒုက္ခရောက်စေနိုင်သကဲ့သို့ သူယုံကြည်အပ်နှံထားသော ဆရာဝန်များ၏စေတနာ၊ လုပ်ပိုင်ခွင့်ကို ကျော်လွန်၍မပြုပါနှင့်။

နည်းမှန်လမ်းမှန် ကုသမှုပေးရမည်မှာ ဆရာဝန်များ၏တာဝန်ဖြစ်သည်။ လူနာရှင်များဘက်မှလည်း လိုက်နာစောင့်ထိန်းရမည့် လူနာကျင့်ဝတ်များရှိကြောင်းကို ရေးသားအသိပေးလိုက်ရပါသည်။ ။

# ဘားအံမြို့၌ အခြေခံရှာဖွေကယ်ဆယ်ရေးနှင့် စက်လှေမောင်းသင်တန်းဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့၌ သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ထိရောက်မြန်ဆန်စွာကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အခြေခံရှာဖွေကယ်ဆယ်ရေးနည်းစနစ်များအား ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်စေရန်၊ ရေပြင်အသက်ကယ်နည်းနှင့် အသက်ကယ်စက်လှေများ မောင်းနှင်တတ်စေရန် ရည်ရွယ်၍ အခြေခံရှာဖွေကယ်ဆယ်ရေးနှင့် စက်လှေမောင်းသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ဘားအံခရိုင် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဘားအံခရိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဘားအံခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်ဝင်းက သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဘားအံခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥက္ကဋ္ဌက သင်တန်းအတွက် ငွေကျပ် ၁၀ သိန်းအား ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့မှ သင်တန်းသား ၃၀ ဦးတက်ရောက်ပြီး စက်တင်ဘာလ ၁ ရက်မှ ၁၄ ရက်အထိ သင်တန်းကာလနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ခန်းစာများအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## သမိုင်းသက်သေတင်ခဲ့ပြီ

❖ အရေးသုံးပါး၊ ဦးထိပ်ထားလျက်
တရားသောစစ်၊ အောင်ပွဲသစ်ဖို့
ကုတ်ကျစ်အားခဲ၊ သတ္တိဖွဲ့နှင့်
ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား
ပြည်တစ်လွှားမှာ၊ ထိပါးနှောင့်ယှက်
အဖျက်ရန်ငုတ်၊ အမျိုးပြုတ်အောင်
တိုက်ထုတ်ဖယ်ရှား ချေမှုန်းနေ
ရဲဝံ့စွန့်စား ဇာနည်တွေ။

❖ တို့မြေတစ်လက်မ၊ မကျူးရအောင်
တက်ကြွပြင်းထန်၊ ဇာတိမာန်နှင့်
ထက်သန်ခိုင်မြဲ၊ လုံ့လဖွဲ့နှင့်
လက်တွဲတွန်းလှန်၊ အဖျက်ရန်ကို
မြေလှန်သုတ်သင် အောင်ပွဲဆင်။
တပ်မတော်ပြည်သူ လက်တွဲယှဉ်။

❖ တိုင်းပြည်အတွက်၊ ဦးထိပ်ထက်၌
လေးချက်သစ္စာ၊ ပန်ဆင်ကာဖြင့်
ရင်မှာကတုတ်၊ ငုတ်ကိုသင်ဖြူး
ဆူးကိုမွှေ့ရာ၊ ပန်းပမာသို့
ဇာနည်မျိုးချစ်၊ အားသစ်မာန်လှို့
တစ်မှုန့်မြေစာ၊ တစ်လွှာပန်းခြောက်
တစ်ပေါက်ရေစက်၊ ပွဲမထွက်အောင်
အသက်ကိုနှင်း၊ သွေးကိုခင်း၍
မာန်တင်းစောင့်ကြပ် ကာကွယ်မည်။
သားကောင်းဇာနည် အောင်ပွဲချီ။
သမိုင်းမော်ကွန်း ထိုးခဲ့ပြီ။ ။

**(ရှေ့တန်းစစ်မြေပြင်ရောက်တိုက်ပွဲဝင်
တပ်မတော်သားများအား ဂုဏ်ပြုလျက်)**

**မောင်ထည်ဝါ(ပျော်ဘွယ်)**

### မြဝတီရုပ်မြင်သံကြားအစီအစဉ် ၃-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၇။ ၁၉:၀၀ | **ရုပ်မြင်သံကြား** |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ | | **ဇာတ်လမ်း** |
| | | သီစချင် | | **အလုပ်နှင့်တာဝန်** |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ | | **သရုပ်ဆောင်-သုတဦး၊** |
| ၄။ | ၁၁:၀၀ | သီချင်းလက်ဆောင် | | **နွေးထက်လှိုင်** |
| ၅။ | ၁၂:၀၀ | ပန်းတို့၏အလှတရား | | **ဒါရိုက်တာ-** |
| ၆။ | ၁၄:၀၀ | Movie & Movies | | **အေးရှုပ်ါအောင်** |

### MWD Variety Channel ၃-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၁၅ | ရှာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၀:၅၀ | Knowledge Note |
| ၃။ | ၁၄:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၅:၄၅ | ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ |

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို အက အရေး အတီး ခရိုင်အဆင့်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မင်းဘူး စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်တွင် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစောနိုင်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးဦးထွန်းခင်က အဖွင့်အမှာစကားပြောကြားကာ တက်ရောက်လာသည့် ဧည့်ပရိသတ်များက ဧည့်ခံဖျော်ဖြေရေးအစီအစဉ်များနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီးနောက် ပြိုင်ပွဲတွင် ဆုရရှိသူများကို မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်မှ ၁၅ နှစ်၊ အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်းရှိ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၀ ဦးက ခေတ်ပေါ်တေး၊ ကာလပေါ်တေး၊ ကဗျာလွတ်၊ အဆို၊ ဆိုင်းတစ်ဦးချင်း၊ စန္ဒရားနှင့် တယောတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ အဆိုပါခရိုင်အဆင့်ပြိုင်ပွဲ၌ ဆုရရှိကြသူများသည် မကွေးတိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။



**မောင်မောင်(မင်းဘူး)**

# ပေါင်းတည်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်



ပေါင်းတည် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ကို စက်တင်ဘာလ ၁ ရက်က မြို့နယ်စက်မှုလယ်ယာစခန်း(ဆွယ်) သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တောင်ပေါ်သားရီရှင်းစိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ Sale Advisor ဦးဝင်းသန်း၊ ဖန်တီးရှင်ကူဘိုတာ လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်မှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မျိုးခန့်နှင့် Marketing Coordinator ဦးထင်စိုင်းတို့က စက်နှင့်စက်ကိရိယာများအကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် သင်တန်းသုံးလယ်ယာသုံးစက်ကိရိယာများနှင့် ပူးပေါင်းကုမ္ပဏီသုံးခုမှ လာရောက်ပြသသော လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားသို့ တောင်သူ ၁၅၀ ခန့်နှင့် သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပလတ်စတစ်အိတ်မသုံးစွဲရေးနှင့် အမှိုက်စနစ်တကျစွန့်ပစ်ရေးသရုပ်ပြ

ညောင်ဦး စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ ပလတ်စတစ်အိတ်မသုံးစွဲရေးနှင့် အမှိုက်စနစ်တကျစွန့်ပစ်ရေးသရုပ်ပြခြင်းကို စက်တင်ဘာလ ၁ ရက်က ညောင်ဦးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အပတ်စဉ် တနင်္လာနေ့တိုင်း (Monday Stop) ပလတ်စတစ်/ကြွပ်ကြွပ်အိတ်မသုံးစွဲရနေ့အဖြစ်သတ်မှတ်ခဲ့ရာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအနေဖြင့် ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်နှင့် ဝန်ထမ်းများဦးဆောင်ကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်းမှသည် ပလတ်စတစ်သုံးစွဲမှုပပျောက်စေရေးနှင့် ပလတ်စတစ်/ကြွပ်ကြွပ်အိတ်အမှိုက်များ စနစ်တကျစွန့်ပစ်စေရေးတို့ကို အသိပညာပေးဆောင်ရွက်သည်။

ယင်းနောက် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပလတ်စတစ်အိတ်မသုံးစွဲရနေ့ အသိပညာပေးပိုစတာချိတ်ဆွဲခြင်း၊ ပလတ်စတစ်အစားထိုးအိတ်များပေးအပ်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။



**ဒီပါလင်း**

# မြောင်းမြမြို့၌ ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်စေရန် ဉာဏ်ရည်မြှင့် ပြိုင်ပွဲများကျင်းပ

မြောင်းမြ စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်စေရန် ဉာဏ်ရည်မြှင့်ပြိုင်ပွဲများဖြစ်သည့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် အိမ်ဆောက်ပြိုင်ပွဲများကို စက်တင်ဘာလ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ရှုပါအေးက ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန်၊ စာအုပ်စာပေများကို ချစ်မြတ်နိုးပြီး စာဖတ်ချင်စိတ်ဖြစ်ပေါ်လာစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်၊ တစ်ဦး၏ကောင်းသောအလေ့အကျင့်များကို တစ်ဦးက အတုယူအားကျလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဉာဏ်ရည်မြှင့်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ပုံပြင်စာအုပ်များချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တက်ရောက်သည့် တိုင်းရင်းသားလူငယ်များ ရန်ကုန်မြို့ရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာ







ရန်ကုန် စက်တင်ဘာ ၂

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် –၂၀၂၅ ကို ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ သုံးရက်တိုင်ကျင်းပခဲ့ရာ ဖိုရမ်သို့တက်ရောက်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များသည် ယနေ့တွင် ရန်ကုန်မြို့ရှိအထင်ကရနေရာများသို့ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားလူငယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်တက္ကသိုလ်၊ အမျိုးသားပြတိုက်၊ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အပျော်စီးသင်္ဘောဖြင့် ရန်ကုန်မြစ်တစ်လျှောက်ဆိပ်ကမ်းများနှင့် မြန်မာ–ကိုရီးယားချစ်ကြည်ရေးတံတား(ဒလ)ကို ကြည့်ရှုလေ့လာကြပြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာနှင့် တိုင်းရင်းသားကျေးရွာတို့ကို လေ့လာကြည့်ရှုကြကြောင်းသိရသည်။

မြဝတီ

## ဝါးခယ်မမြို့နယ် ကျုံမငေးမြို့အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီး e-ID စနစ်ဖြင့် Unique ID နံပါတ်များထုတ်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံအခြေခံပညာအထက်တန်းကျောင်း အဘိဓဇခန်းမဆောင်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e–ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများအတွက် နိုင်ငံသားကတ်ပြား အဆင်ပြေလွယ်ကူစွာရရှိစေရေးအတွက် ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e–ID စနစ်ဖြင့် Unique ID နံပါတ်ထုတ်ပေးနေမှုနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံသားကတ်ပြားကိုင်ဆောင်မဲပေးရမည်ဖြစ်သည့်အတွက် နိုင်ငံသားကတ်ပြားရရှိကိုင်ဆောင်ရေးရှင်းလင်းပြောကြားပြီး ဥပဒေနှင့်အညီ



စိစစ်ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကာယကံရှင်များထံ ပေးအပ်သည်။

အဆိုပါပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် စက်တင်ဘာလ ၁ ရက်မှ ၂ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကျုံမငေးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၁၉၇ ကတ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e–ID စနစ်ဖြင့် Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

### ၂-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၃၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၅°c / ၃၃°c |
| ရန်ကုန် | ၂၄°c / ၃၁°c |
| မန္တလေး | ၂၆°c / ၃၄°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)သို့ ပါဝင်တက်ရောက်ခဲ့မှုနှင့် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေမှုနှင့်ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့် သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်

ပထမဦးဆုံးက ပထမပိုင်း ဒီခရီးစဉ်မှာ တရုတ်နိုင်ငံကို မြန်မာနိုင်ငံယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌလာတဲ့ခရီးစဉ်မှာ ကျွန်တော်တို့က အပိုင်းသုံးပိုင်းပါပါတယ်။ နံပါတ်တစ် အပိုင်းက တီယန်ကျင်းမြို့အပိုင်း၊ နံပါတ်နှစ် အပိုင်းက ပေကျင်းမြို့အပိုင်း၊ နံပါတ်သုံး အပိုင်းက ဟာပင်းနဲ့ချန်ဒူးမြို့အပိုင်းဆိုပြီး သုံးပိုင်းပါပါတယ်၊ နံပါတ်တစ်အပိုင်းက SCO အစည်းအဝေး၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေး SCO SUMMIT 2025 Plus အစည်းအဝေးတက်ရောက်တဲ့အပိုင်းဖြစ်ပါတယ်၊ ဒုတိယအပိုင်းက ပေကျင်းမှာရှိတဲ့ တရုတ်နိုင်ငံရဲ့ နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေးအထိမ်းအမှတ်ကို လာရောက်တဲ့အပိုင်းဖြစ်ပါတယ်၊ နံပါတ်သုံး အပိုင်းက ဟာပင်းနဲ့ ချန်ဒူးမြို့ကို လေ့လာရေးခရီးစဉ် သွားရောက်တဲ့အပိုင်းဖြစ်ပါတယ်၊ အခုကတော့ ခရီးစဉ်ပထမပိုင်းဖြစ်တဲ့ တီယန်ကျင်းမြို့မှာ SCO အစည်းအဝေးနဲ့ ထိပ်သီးအစည်းအဝေးတွေ ပြီးဆုံးတဲ့ အတွက်ကြောင့်ကျွန်တော်တို့က ပေကျင်းမြို့ကိုထွက်ခွာနေတာဖြစ်ပါတယ်။ ပေကျင်းမြို့ကိုသွားတဲ့အခါမှာ အမြန်ရထားနဲ့သွားတာဖြစ်တယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနဲ့ ခရီးစဉ်မှာလိုက်ပါလာတဲ့လူတွေအကုန်လုံးက ဒီအမြန်ရထားနဲ့ထွက်ခွာတာဖြစ်တယ်။ ပထမဆုံး တီယန်ကျင်းမြို့အကြောင်းကိုပြောချင်တယ်။ တီယန်ကျင်းမြို့ဆိုတာက တရုတ်နိုင်ငံမြို့တော်ဖြစ်တဲ့ ပေကျင်းနဲ့ကပ်လျက်မြို့ဖြစ်တယ်။ တီယန်ကျင်းမြို့က သမိုင်းရှိတဲ့မြို့ဖြစ်တယ်။ ပထမ ဘိန်းစစ်ပွဲတို့ဘာတို့က တီယန်ကျင်းမှာဖြစ်ထားတာ။ တရုတ်နိုင်ငံ ပထမ ဘိန်းစစ်ပွဲပေါ့။ ပေကျင်းနဲ့ကပ်လျက် အနီးဆုံးသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တယ်။ တရုတ်နိုင်ငံရဲ့မြောက်ဘက်ပိုင်းမှာ အရေးကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ထဲမှာ ပါဝင်တယ်ပေါ့နော်။ တီယန်ကျင်းမြို့မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုညီလာခံရဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးပွဲလုပ်တာဟာ ကျွန်တော်ကတော့ အဓိပ္ပာယ်ပြည့်ဝတယ်လို့ ထင်ပါတယ်။ ဒါကြောင့်လည်း ဒီ SCO အစည်းအဝေးမှာ နိုင်ငံပေါင်း ၂၀ ကျော်ပေါ့နော်၊ ၂၆ နိုင်ငံလုပ်တဲ့အထဲမှာ ၂၀ ကျော် တက်ရောက်တယ်၊ မနေ့ကတော့ ဒီထိပ်သီးအစည်းအဝေးနဲ့ အပေါင်းအစည်းအဝေးပွဲတွေပြီးသွားတယ်။ အဲ့ဒီမှာတော့ ထူးထူးခြားခြားပြောစရာရှိတာတော့ ထိပ်သီးအစည်းအဝေးမှာတော့ တရုတ်သမ္မတကြီး H.E.Mr.Xi Jinping က GGI နဲ့ပတ်သက်ပြီး အချက်ငါးချက်၊ Global Governance Initiative ပေါ့၊ ဒီအချက် ငါးချက်ကိုတင်သွင်းခဲ့တာရှိတယ်၊ နိုင်ငံအများစုလည်းထောက်ခံတယ်၊ အဓိကအနှစ်ချုပ်ပြောရမယ်ဆိုရင် ဒီနေ့ ကမ္ဘာမှာဖြစ်နေတာက Unipolar World ကနေ Multipolar World ပေါ့နော်။ အရင်တုန်းကတော့ အင်အားကြီးနိုင်ငံတစ်ခုတည်းကနေပြီးတော့ ကမ္ဘာ့ရေးရာတွေကို ထိန်းချုပ်တာကနေပြီး နိုင်ငံအများစုပါဝင်ထိန်းချုပ်ဖို့၊ နိုင်ငံအများစု ပါဝင်ပြီးတော့ ကမ္ဘာ့ရေးရာမှာ လှုပ်ရှားဖို့၊ ဒီဟာတွေကိုသွားတာပါ။ တရားမျှတမှုတို့ ပြီးရင် အဲ့ဒီ အစည်းအဝေးမှာအဓိကအများဆုံးပြောတာကတော့ နိုင်ငံငယ်တွေရဲ့ပေါ့နော်၊ နိုင်ငံတွေရဲ့အချုပ်အခြာအာဏာကို လေးစားကြဖို့ဆိုတာကို အဓိကပြောတာဖြစ်တယ်။ နိုင်ငံတွေရဲ့အချုပ်အခြာအာဏာကိုလေးစားကြဖို့ဆိုတာ အဓိကက ကျွန်တော်တို့ နိုင်ငံငယ်တွေအတွက် ဘာအားသာလဲဆိုတော့ ဒီအချိန်မှာ နိုင်ငံကြီးတွေအနေနဲ့၊ အင်အားကြီးနိုင်ငံတွေအနေနဲ့က သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွားအတွက် သူတို့




တည်ထောင်နေတာရှိတယ်၊ ဒီလိုပဲ နိုင်ငံငယ်တွေမှာလည်း သူတို့ရဲ့အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲဖို့ သူတို့ရဲ့အချုပ်အခြာအာဏာနဲ့ပတ်သက်ပြီးလုပ်နိုင်ဖို့ဆိုတာ ဒီလိုအဖွဲ့အစည်းတွေကနေတစ်ဆင့် လုပ်နိုင်မှ ခိုင်မာမှာဖြစ်တယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း SCO မှာ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် တရားဝင်အဆိုပြုထားတာလည်းရှိတယ်၊ အောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ ဒီအစည်းအဝေးပွဲမှာ တရုတ်သမ္မတကြီး H.E. Mr.Xi Jinping နဲ့ ဆွေးနွေးနိုင်ခဲ့တယ်၊ ဆွေးနွေးပွဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံအတွက် ဘာအကျိုးအမြတ်ရှိလဲဆိုတော့ နံပါတ်တစ် အကျိုးအမြတ်အနေနဲ့ကတော့ နိုင်ငံရေးအရအသိအမှတ်ပြုမှု၊ နံပါတ်နှစ်ကတော့ နိုင်ငံတကာရေးအရ အသိအမှတ်ပြုမှု၊ နံပါတ်သုံးအချက်ကတော့ မြန်မာနိုင်ငံမှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ တရုတ်နိုင်ငံအနေနဲ့အသိအမှတ်ပြုဖို့ ပြီးရင် အထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ကူညီနိုင်ဖို့ ဒါတွေကိုအတည်ပြုပေးလိုက်တာရှိတယ်၊ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ကူညီသွားမယ်ဆိုတဲ့ အာမခံချက်တွေရရှိခဲ့တာဖြစ်တယ်၊ တရုတ်သမ္မတကြီးနဲ့တွေ့တဲ့အချိန်မှာ မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွေကို ဆက်လက်ရပ်တည် ကူညီပေးသွားမယ် ဆိုတာကိုလည်းရရှိခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ဝန်ကြီးချုပ် မစ္စတာမိုဒီနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တယ်၊ တွေ့ဆုံဆွေးနွေးတဲ့အခါမှာလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံအနေနဲ့က အမြဲတမ်းရပ်တည်ပေးလျက်ရှိမှုတွေ၊ နိုင်ငံရေးအရ အာမခံချက်ရှိမှုတွေ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး လုပ်ဆောင်ပေးနိုင်တာတွေ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆွေးနွေးနိုင်ခဲ့တယ်၊ ဒါ့အပြင် လာအိုနိုင်ငံသမ္မတကြီးနဲ့လည်းသီးခြားဆွေးနွေးနိုင်ခဲ့တယ်၊လာအိုနဲ့ ကျွန်တော်တို့လုပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ကဏ္ဍ၊ အလုပ်သမားကဏ္ဍ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် SCO အစည်းအဝေးတက်တဲ့အခါမှာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်တို့အပါအဝင်တခြားခေါင်းဆောင်တွေနဲ့လည်း အစည်းအဝေးခန်းမမှာတွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် အောင်မြင်တဲ့တွေ့ဆုံမှုပေါ့နော်၊ ဒီတစ်နေရာတည်းမှာပဲ ဒေသခေါင်းဆောင်တွေ၊ အိမ်နီးနားချင်းခေါင်းဆောင်တွေနဲ့တွေ့ရတာ တကယ်လည်း အောင်မြင်တဲ့တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါတယ်၊ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့လည်း ဒီခရီးစဉ်က အကျိုးများစွာဖြစ်ထွန်းစေတဲ့ခရီးစဉ်တစ်ခုဆိုတာကို ကျွန်တော်တို့အနေနဲ့ ပြောကြားလိုပါတယ်၊ ဒီနေ့မှာဆိုရင် ကျွန်တော်တို့ ပေကျင်းကိုရောက်မယ်၊ ပေကျင်းကိုရောက်ရင်တော့ တရုတ်နိုင်ငံရဲ့ ဒုတိယသမ္မတကြီးနဲ့တွေ့မယ်၊ မနက်ဖြန်မှာဆိုရင် ပေကျင်းမှာလုပ်တဲ့ နှစ်(၈၀)ပြည့်ဖက်ဆစ်တော်လှန်ရေးနေ့အောင်ပွဲအထိမ်းအမှတ်အခမ်းအနားကိုတက်ရောက်မှာဖြစ်တယ်၊ နောက်နေ့တွေမှာ ဟာပင်းနဲ့ ချန်ဒူးကိုသွားပြီး ကျွန်တော်တို့ မြန်မာနိုင်ငံသက်ဆိုင်တဲ့၊ ကဏ္ဍပေါင်းစုံနဲ့သက်ဆိုင်တဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ နေရာတွေ၊ ဌာနတွေကိုလေ့လာသွားမှာဖြစ်ပါတယ်၊ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်အနှစ်ချုပ်ပြီးပြောရရင် အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်တယ်၊ ဆက်လက်ပြီးတော့လည်း အောင်မြင်မယ်လို့ယုံကြည်တယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေကို တိုက်တွန်းချင်တာကတော့ ကျွန်တော်တို့မှာ ဒီလိုမျိုးအခြေအနေကောင်းတွေရှိနေပါပြီ။ နိုင်ငံတကာမှာလည်း မြန်မာ့ရဲ့ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီးတော့ ဂရုစိုက်လာတဲ့၊ မြင့်မားလာနိုင်တဲ့ဟာတွေရှိနေပါပြီ။ ကျွန်တော်တို့လိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတည်ငြိမ်အေးချမ်းရေးကိုလိုလားဖို့၊ စည်းလုံးညီညွတ်မှုကိုလိုလားဖို့၊ တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုကိုအကောင်အထည်ဖော်တဲ့နေရာမှာ မြန်မာဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုဆိုတဲ့စိတ်ဓာတ်နဲ့ပဲ ဆောင်ရွက်သွားဖို့ ကျွန်တော့်အနေနဲ့ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ- ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်ကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော်   စက်တင်ဘာ   ၂

၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ – ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်များကို စက်တင်ဘာလ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ စက်တင်ဘာလ ၃ ရက် **(ယနေ့)**ညနေ ၄ နာရီတွင် မြန်မာ့လက်ရွေးစင် ယူ – ၂၃ အမျိုးသားဘောလုံးအသင်းနှင့် ကူဝိတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်   စက်တင်ဘာ   ၂

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ (မိုး/ဇလ)

## စက်တင်ဘာလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | မြစ်ကြီးနား | ၂-၉-၂၀၂၅ | ၁၇.၈ | ၆၄.၀ | ၂၈-၉-၁၉၉၇ | ၁၈.၀ | ၆၄.၄ | ၅၉ |

# ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကိုအခြေခံ

**မယ်ထွေးလေး**

❖ **အတတ်ပညာက "လူတော်" ဖြစ်စေနိုင်ပြီး အသိပညာက "လူကောင်း" ဖြစ်စေနိုင်သည်။ နိုင်ငံဖွံ့ဖြိုးရေးတည်ဆောက်ရာတွင် လူတော်လူကောင်းများလိုအပ်သည့်အတွက် နိုင်ငံသူနိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာများ ပေါကြွယ်ဝရေးကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်သည်။**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားတို့၏ ပညာရည် ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာမူတည်သည်။ ပညာရေးသည် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်တစ်ဦးချင်းစီ၏ အနာဂတ်ကောင်းမွန်ရေးအတွက်သာမက နိုင်ငံ၏အနာဂတ်တိုးတက်ရေးအတွက်ပါ အလွန်အရေးပါပေသည်။ အသိပညာ၊ အတတ်ပညာတွေခေါ်မြော်မြင်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ကျွမ်းကျင်မှုတို့နှင့် ပြည့်စုံသော နိုင်ငံသူနိုင်ငံသားများဖြစ်ကြမှသာ နိုင်ငံတော်ကြီးတိုးတက်မှုကို ထုဆစ်ပုံဖော်နိုင်မည်ဖြစ်သည်။ သို့ပါ၍ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်ပညာရေးကို အားပေးဆောင်ရွက်ရမည်။

ယနေ့နိုင်ငံတော်တွင် နိုင်ငံအတွက်လိုအပ်နေသည့်လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေးအတွက် ပညာရည်မြင့်တင်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေချိန်ဖြစ်သည်။ အတန်းပညာသည် ဘဝရပ်တည်နိုင်ရေးကို အထောက်အကူပြုနိုင်သည့်အတွက် အတန်းပညာရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးကြရမည်။ အတတ်ပညာသည် အတန်းပညာကိုအခြေခံသဖြင့် အတန်းပညာမြင့်မားစေရေးအတွက် မဖြစ်မနေအားပေးဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများတိုးတက်စေရေးကိုလည်း အလေးထားဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအုတ်မြစ်၊ အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ခြင်းဖြင့် ဒေသနှင့်နိုင်ငံ၏ လူသားအရင်းအမြစ် ပေါကြွယ်ဝလာမည်ဖြစ်သည်။ ကျောင်းသားလူငယ်တစ်ဦးတစ်ယောက်ချင်းစီ၏ ပညာရေးကောင်းမွန်စေရန်နှင့် လူသားအရင်းအမြစ်တိုးတက်စေရေး အလေးထားအားပေးဆောင်ရွက်ကြရန်လိုပေသည်။ သို့မှသာ လူသားအရင်းအမြစ် ပေါကြွယ်ဝစေရေးအတွက် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရာတွင် လူငယ်လူရွယ်များ ဗလငါးတန်ပြည့်ဝစေရန်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်။ သို့မှသာ သင်ကြားတတ်မြောက်ထားသည့်ပညာရပ်များအလိုက် လူမှန်နေရာမှန်သို့ရောက်ရှိအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာအဆင့်တွင် သင်ကြားသင်ယူမှုများဆောင်ရွက်ရာတွင် ပို့ချသင်ကြားခြင်း(Teaching)ကို အဓိကထားဆောင်ရွက်ပြီး အဆင့်မြင့်ပညာအဆင့် သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင်လည်း တွေးခေါ်လေ့လာသင်ကြားခြင်း(Studying)ကို အဓိကထားဆောင်ရွက်ကြရသည်။ ကျောင်းသား၊ ကျောင်းသူများ အတွေးအခေါ်ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာတတ်မြောက်စေရေးအတွက် စနစ်တကျသင်ကြားပေးရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ၏အတွေးအခေါ်များ မှန်ကန်ကောင်းမွန်လာပါက ၎င်းတို့၏ဘဝဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းစာအပြင် ပြင်ပစာပေများဖတ်ရှုမှသာလျှင် အသိပညာတိုးပွားမည်ဖြစ်သဖြင့် စာပေဖတ်ရှုလေ့လာစေခြင်းနှင့် စာဖတ်အားမြှင့်တင်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့အခါတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော အခြေခံပညာရေးအဆောက်အအုံသည် KG+12 ဖြစ်သည်။ အခြေခံပညာမူလတန်းအဆင့်အုတ်မြစ်ပေါ်တွင် အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့်တို့ကို ဆင့်တင်ထားခြင်းဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရေးနှင့် အခြေခံပညာအလယ်တန်းအဆင့် နဝမတန်း KG+9 ထိ ပြီးမြောက်ရေး ဆောင်ရွက်ခြင်းဖြင့် ပညာရေးကိုအောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် အခြေခံပညာအလယ်တန်းအဆင့် နဝမတန်း KG+9 ကို ပြီးမြောက်အောင်မြင်သူများသည် အခြေခံပညာအထက်တန်းကျောင်းများသို့လည်းကောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့လည်းကောင်း စိတ်ကြိုက်ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယနေ့နိုင်ငံတော်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းပေါင်း ၈၉ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးသို့ တက်ရောက်ပညာသင်ယူနိုင်ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းအောင်မြင်သူများအနေဖြင့်လည်း သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ ဆက်လက်တက်ရောက်ပညာသင်ယူနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားသည် လွန်စွာအရေးပါသည်။ ကျွမ်းကျင်ပညာရှင်များဖြစ်သော ဆရာဝန်၊ အင်ဂျင်နီယာ စသည်တို့သည် အတတ်ပညာရှင်များဖြစ်ကြသည်။ ထိုသို့အတတ်ပညာရှင်များ ပြည့်စုံရုံမျှနှင့်မလုံလောက်ဘဲ အသိပညာရှင်များရှိနေရန်လည်း လိုအပ်သည်။ နည်းပညာများတိုးတက်နေသော ယနေ့ခေတ်တွင် အတတ်ပညာရှင်များဖြင့် လောကကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုး ဆောင်ရွက်နိုင်သလို ဆိုးကျိုးများကိုလည်းဖြစ်ပေါ်စေနိုင်သည်။ အမှားအမှန်၊ အကျိုးအပြစ်၊ အကောင်းအဆိုးကို ခွဲခြားသိမြင်သော ဉာဏ်ပညာကို အသိပညာဟုဆိုကြသည်။ ထို့ကြောင့် အတတ်ပညာကို အသိပညာဖြင့် ထိန်းကျောင်းရန်လိုအပ်သည်။ အတတ်ပညာက "လူတော်" ဖြစ်စေနိုင်ပြီး အသိပညာက "လူကောင်း" ဖြစ်စေနိုင်သည်။ နိုင်ငံဖွံ့ဖြိုးရေးတည်ဆောက်ရာတွင် လူတော်လူကောင်းများလိုအပ်သည့်အတွက် နိုင်ငံသူနိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာများပေါကြွယ်ဝရေးကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရေးနှင့် KG + 9 ပြီးမြောက်ရေး ဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Polytechnic University များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ပေးခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထများ တိုးပွားလာအောင်ဆောင်ရွက်ပေးခြင်းတို့သည် ထင်ရှားသည့်သက်သေသာဓကများပင်ဖြစ်သည်။ ထို့အတူ ပညာရေးနှင့် တစ်သားတည်းဖြစ်နေသော ကျောင်းစာကြည့်တိုက်များ၊ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များ၊ အထင်ကရစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟုဆိုသည့်အတိုင်း ကျောင်းတက်ရောက်၍ ကြီးပြင်းခဲ့သူများနှင့် ကျောင်းတက်ရောက်ခြင်းမရှိဘဲ ကြီးပြင်းခဲ့သူများသည် စိတ်ဓာတ်နှင့်စည်းကမ်းပိုင်းဆိုင်ရာများ၊ လူမှုပေါင်းသင်းဆက်ဆံမှုများတွင် ကွာခြားသွားနိုင်သည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ရာတွင် ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များတိုးပွားမှသာ ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်ပေသည်။ သို့ရာတွင် အတန်းပညာအားနည်းသူများကိုလည်း ပစ်ပယ်မထားဘဲ ကျောင်းပြင်ပပညာရေးနှင့်ဗဟုသုတရှာမှီးနိုင်ရေးအတွက် နိုင်ငံတော်က စာကြည့်တိုက်များကို ဒေသအလိုက် တည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်းဖြင့် ကျောင်းပြင်ပပညာရေးကို အားပေးဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးတွင် အဝေးသင်ပညာရေးသည် နိုင်ငံတကာတွင် အောင်မြင်နေသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး နိုင်ငံတော်မှ ယခင်ကလည်း အရေးပေးဆောင်ရွက်ခဲ့သလို လက်ရှိကာလအဝေးသင်ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်သူရှိစေရေးအလေးထားပြီး စနစ်တကျကြပ်မတ်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အချုပ်ဆိုရသော် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍကို အစဉ်တစိုက်အားပေးဆောင်ရွက်ကြရန်လိုပေသည်။ သို့ပါ၍ ကျောင်းနေအရွယ်ကလေးများမှသည် တက္ကသိုလ်ကျောင်းသားလူငယ်လူရွယ်များ နိုင်ငံအတွက်အားထားရသည့် အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံသော အနာဂတ်နိုင်ငံကို ထုဆစ်ပုံဖော်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ၊ လူတော်လူကောင်းများပေါ်ထွန်းလာရေးအတွက် ရည်ရွယ်ချက်ထားရှိကာ အားပေးဆောင်ရွက်ပေးကြရမည်။ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟူသည့်အတိုင်း နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားအားလုံးက ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

ပေါက်ခေါင်း စက်တင်ဘာ ၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ထွန်းသည် စက်တင်ဘာလ ၁ ရက်တွင် ပေါက်ခေါင်းမြို့နယ်ရှိ ပိန်းတောကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ထွန်းသည် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ခံဒေါ်မေသူဇာဝင်း၊ ပေါက်ခေါင်းမြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဟိန်းတေဇကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ပိန်းတောကျေးရွာအဝင်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း (သုည/၂ ဒသမ ၅၇ မိုင် x ၁၆ ပေ x ၁၄ လက်မ)ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

(၆၀၁)၊ တင်စိုး(ပဲခူး)

## MWD Education, Knowledge & Sports Channel

၃-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar : Youth Strategy Forum-2025) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre(MCC) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့ကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ လူငယ်ရေးရာကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းလူငယ်ရေးရာ ကိုယ်စားလှယ်များက "အနာဂတ်၏ အလင်းရောင်များ" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် - ၂၀၂၅ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့်နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ရေးရာကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း၊ နိုင်ငံတော်အဆင့် ဖိုရမ်လေးခုကျင်းပခဲ့ရာ ယခုကျင်းပသည့်မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅သည် နိုင်ငံတော်အတွက် အနှစ်သာရအရှိဆုံးနှင့် အားအဖြစ်ဆုံးဖိုရမ်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့်ဖိုရမ်သို့ တက်ရောက်လာကြသည့်အတွက် ဂုဏ်ယူကြောင်း၊ ယခုဖိုရမ်သို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက်ရောက်လာကြသည့်အတွက် မတူကွဲပြားသည့် တိုင်းရင်းသားလူငယ်များအနေဖြင့် အတွေးအခေါ်အယူအဆများ တစ်ဦးနှင့်တစ်ဦး တစ်ထပ်တည်း မကျနိုင်သော်လည်း အနာဂတ်နိုင်ငံတော်သို့သွားရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးလှပသာယာဖွံ့ဖြိုးတိုးတက်အောင် ထုဆစ်ပုံဖော်နိုင်သူများဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို(ကိုကိုစက်မှုတက္ကသိုလ်)အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်တို့က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများနှင့်ဖိုရမ်အထိမ်းအမှတ်တံဆိပ်များပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှလူငယ်ရေးရာကိုယ်စားလှယ်များက အပျိုတော်ယိမ်းအက၊ "လူချွန်လူကောင်း" တေးသီချင်း "လှမျိုးစုံကြွယ် ယဉ်တစ်ကိုယ်မယ်" ခေတ်ဖခေတ်ယိမ်းအက၊ "ကချင်ရိုးရာအကအလှ" "ငွေတောင်ပြည့်မှ ဖိတ်ခေါ်သံ" တေးသီချင်း၊ "ဒုံးယိမ်းည" အက၊ "ကျွန်ုပ်တို့ ဇာတိမြေ" တေးသီချင်း၊ "သွေးချင်းတို့ဌာနေ မြန်မာပြည်" တိုင်းရင်းသားယိမ်းအက၊ "ဦးရွှေရိုးနှင့် ဒေါ်မိုး" အက၊ "သာယာလှပမွန်ဒေသ"၊ "အရောက်လာလေလေးရက်မြေ"၊ "မောရှမ်းမြေ"၊ "ဖိုရမ်နှလုံးသား" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အနုပညာရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အဖွဲ့များကို အမှတ်တရလက်ဆောင်ပန်းခြင်းပေးအပ်သည်။

မြဝတီ

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအားဂုဏ်ပြုချီးမြှင့်

**ပဲခူး စက်တင်ဘာ ၂**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့်ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည်တို့လှမ်းချီ" သီချင်းသီဆို၍အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာ ဂုဏ်ထူးရရှိသူနှစ်ဦး၊ အောင်ချက်အကောင်းဆုံးပထမရရှိခဲ့သည့် ညောင်လေးပင်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း (ဖလေး-ကဝမြို့နယ်)နှင့် အလင်းရောင်သစ်ကိုယ်ပိုင်ကျောင်း(ညောင်လေးပင်မြို့နယ်) တို့အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ၅ ဘာသာဂုဏ်ထူး ရရှိခဲ့သူနှစ်ဦးနှင့်အောင်ချက်အကောင်းဆုံး ဒုတိယရရှိသည့် အုတ်တွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကမာစဲ-သနပ်ပင်မြို့နယ်)နှင့် ငြိမ်းချမ်းရေး ကိုယ်ပိုင်ကျောင်း (တောင်ငူ မြို့နယ်) တို့အားလည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ၅ ဘာသာဂုဏ်ထူးရရှိသူသုံးဦးနှင့်အောင်ချက်အကောင်းဆုံးတတိယဆုရရှိသည့် သနပ်ပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (ညောင်လေးပင်မြို့နယ်)နှင့် လက်ရွေးစင်ကိုယ်ပိုင်ကျောင်း (အုတ်တွင်းမြို့နယ်) တို့အားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့်ပဲခူးတိုင်းဒေသကြီးပညာရေးမှူးတို့က ၄ ဘာသာဂုဏ်ထူးရရှိသူ ၅၂ ဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုဆုငွေများကို အသီးသီးချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ကောင်းခြင်းမင်္ဂလာ" သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက"ပန်းဥယျာဉ်" သီချင်းဖြင့်လည်းကောင်း၊ ဖျော်ဖြေတင်ဆက်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းစုစုပေါင်း ၁၂၀ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၃၀၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၃၇၃၀ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



နောင်ချိုမြို့နယ် အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

ထို့ပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၄ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၃၄ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၅ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲနှင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ





နေပြည်တော် စက်တင်ဘာ ၂

လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရုံးတောကျေးရွာရှိ ရွှေဝါထွန်း (၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ အသင်းပိုင်လယ်မြေဧက ၂၀ ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးစပါးပျိုးထောင်ထားရှိမှု၊ လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြနေမှုနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုအားပေး၍ လယ်ဝေးမြို့နယ်အတွင်းရှိမိုးစပါးစိုက်သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက လူစီးကောက်စိုက်စက်နှင့်လက်ဆွဲကောက်စိုက်စက်များ အသုံးပြုလာနိုင်ခြင်းကြောင့် လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အသင်းသားတောင်သူများအနေဖြင့် ရာသီအလိုက်စိုက်ပျိုးနိုင်သည့် မြေနေရာများတွင် ဈေးကွက်ဝင်သည့် သီးနှံများကို သီးထပ် သုံးသီးစိုက်ပျိုးကြရန်လိုအပ်ကြောင်းဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဓာတ်မြေသြဇာများအချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့အတွက်သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးက ၂၀၂၅ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလ (၃)လအတွက် ကုမ္ပဏီအလိုက် ထောက်ခံပေးထားသည့် မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ မှတ်တမ်းတင်ပေးနိုင်ရန်၊ ဩဂုတ်လအတွင်း ဖြန့်ဖြူးပေးသည့် ဓာတ်မြေသြဇာများအတွက် သွင်းကုန်လိုင်စင်အစားထိုးရရှိရေးနှင့် နိုင်ငံခြားငွေလဲလှယ်ခွင့်ရရှိရေး ထောက်ခံပေးထားမှုအပေါ် မှတ်တမ်းတင်ပေးနိုင်ရန်နှင့် တောင်သူလက်ဝယ်တိုက်ရိုက်ဖြန့်ဖြူးရောင်းချခဲ့သည့် အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက မြေသြဇာနှင့်ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးရောင်းချမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မန္တလေးမြို့၌ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားများကျင်းပ




နေပြည်တော် စက်တင်ဘာ ၂

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၌ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုသည်မှာ အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးစေရေးဟူသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုစက်ဝန်း (Disaster Management Cycle) ပါ လုပ်ငန်းရပ်များသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက်၊ သက်ဆိုင်ရာနယ်မြေဒေသ အစိုးရအဖွဲ့များအလိုက် စနစ်တကျဖြင့် ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားဆဲ၊ ဘေးဖြစ်ပွားပြီးစသည့် ကာလများပိုင်းခြား၊ စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်ရသည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်များကြောင့်ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများအပေါ် ဆိုးကျိုးသက်ရောက်မှုများကိုလျော့ချပြီး ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖြစ်ထွန်းပေါ်ပေါက်စေရန် သက်ဆိုင်ရာကဏ္ဍများအလိုက်ပါဝင်ပတ်သက်သူများ၊ အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ သင်တန်းသူများအား မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆပ်ပြာရည်ပြုလုပ်နည်းသင်တန်း စသည့် လက်မှုပညာရပ်များဖြင့် ကျောင်းပြင်ပ ပညာရေးသင်ကြားပေးနေမှုကိုလည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ဘာသာစကားနှင့် လက်မှုပညာသင်ကြားနေမှုများကို လည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူ ထမင်းစားဆောင်နှင့် မီးဖိုဆောင်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၁၈၆၉၉ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေး ငွေကျပ် ၁၁၀၀ ဒသမ ၀၇၀ သန်းနှင့်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းဂေဟာ၊ ရိပ်သာစုစုပေါင်း ၂၈ ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၄၇ ကျောင်းတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၈၇ ဒသမ ၀၉၃ သန်း၊ တိုင်းဒေသကြီးအတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူ ၄၇၈၅၁ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဧပြီလ၊ မေလနှင့် ဇွန်လအတွက် ထောက်ပံ့ ငွေကျပ် ၂၈၇၁ ဒသမ ၀၆ သန်း စုစုပေါင်း ငွေကျပ် ၄၂၅၈ ဒသမ ၂၂၃ သန်းကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ကမ္ဘောဇဖောင်ဒေးရှင်းက KBZ Center ၌ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့်စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ . . .**

နေပြည်တော် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့်စစ်သံရုံးမိသားစုများ၊ ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများအား ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် စစ်သံမှူးတို့က သံရုံး၊ စစ်သံရုံးမိသားစုများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုကြောင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Coope–ration Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအခမ်းအနားများသို့ တက်ရောက်ခွင့်ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့်အကျိုးရလဒ်များကို ရရှိစေကြောင်း။

မိမိ၏ အလုပ်သဘောခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့နှင့်တွေ့ဆုံ

# ချောင်းသာမြို့၌ ဟိုတယ်ပိုင်းဆိုင်ရာလျှပ်စစ်ကျွမ်းကျင် သင်တန်းဖွင့်ပွဲကျင်းပ

ချောင်းသာ စက်တင်ဘာ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဟိုတယ်ပိုင်းဆိုင်ရာ လျှပ်စစ်ကျွမ်းကျင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ AZURA Resort Hotel ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ခရီးစဉ်ဒေသများ ဈေးကွက်မြှင့်တင်ကြော်ငြာရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ စီစဉ်ရိုက်ကူးထားသည့် ပုသိမ်၊ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေဒေသခရီးစဉ်မှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။

ချောင်းသာဟိုတယ်ဇုန်၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများ ပေးအပ်နိုင်ရေးအတွက် လျှပ်စစ်ပစ္စည်းမှားယွင်းကိုင်တွယ်ခြင်းဖြင့် မလိုလားအပ်သောပြဿနာများ မဖြစ်စေရန်၊ ဟိုတယ်ဝန်ထမ်းများအတွက် လျှပ်စစ်သွယ်တန်းနည်းပညာကို စနစ်တကျသင်ယူတတ်မြောက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ချောင်းသာကမ်းခြေရှိ ဟိုတယ်၊ တည်းခိုရိပ်သာများမှ သင်တန်းသား ၃၃ ဦး တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းမှ သင်တန်းနည်းပြဆရာများက စက်တင်ဘာလ ၁ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

ဆွေးနွေးနိုင်ခဲ့ပြီး ကောင်းမွန်သည့်ရလဒ်များရရှိအောင် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လျက်ရှိကြောင်း၊ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံမှုတိုးတက်ကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးအချိန်မှစတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်၍ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာမှုရှိစေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းတွင် ဒီမိုကရေစီစနစ်ခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ကြောင်း။

တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာဖြင့် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများကိုရရှိနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအား ဒေသအလိုက် တည်ငြိမ်အေးချမ်းမှုများကိုအခြေခံ၍ အပိုင်းလိုက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင်မဲစာရင်းများ မှားယွင်းမှုမရှိစေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစနစ် (MEVM)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း အဆိုပါမဲပေးစနစ်ဖြင့် ဆန္ဒမဲများပေးလျက်ရှိကြောင်း၊ **ဒီမိုကရေစီနိုင်ငံများ၌ ရွေးကောက်ပွဲသည်အရေးကြီးပြီး ရွေးကောက်ပွဲပြုလုပ်ရာတွင် မဲမသမာမှုများမဖြစ်ရန် အရေးကြီး**ကြောင်း၊ **ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအနေဖြင့် ပညာတတ်များဖြစ်ရန်လည်းလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးပြုနိုင်မည့်သူကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်နိုင်ရန်လို**ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးစအချိန်မှစတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် စီမံခန့်ခွဲမှုနှင့် လွဲမှားသည့်မူဝါဒများကြောင့် နိုင်ငံစီးပွားရေးမှာကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန်များ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းထုတ်ကုန်များတိုးတက်အောင် ထုတ်လုပ်နိုင်မှသာ နိုင်ငံ၏စီးပွားရေးမှာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် အလုပ်လုပ်မှသာ နိုင်ငံ၏စီးပွားရေးမှာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အတန်းပညာရှိသည့် ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရှိရန်လိုကြောင်း၊ အတန်းပညာများ တိုးတက်လာမှသာ အသိပညာများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့် ဆောင်ပုဒ်များကိုချမှတ်ထားကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်းနေထိုင်ကြသူများအားလုံးတွင် တာဝန်ရှိကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် သံတမန်တာဝန်ထမ်းဆောင်နေကြသူများရှိသကဲ့သို့ နိုင်ငံတော်၏အကျိုးကို ထမ်းဆောင်နိုင်ရန်အတွက် ပညာတော်သင်အဖြစ် လာရောက်ပညာသင်ကြားနေကြသူများလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ သံရုံး စစ်သံရုံးမိသားစုများနှင့် ပညာတော်သင်များက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံးမိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံရုံး၊ စစ်သံရုံး မိသားစုများနှင့် ပညာတော်သင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**❖ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ရွေးကောက်ပွဲအား ဒေသအလိုက်တည်ငြိမ်အေးချမ်းမှုများကိုအခြေခံ၍ အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည်ဖြစ်၊ ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်၊ နိုင်ငံတကာတွင်လည်း အဆိုပါမဲပေးစနစ်ဖြင့် ဆန္ဒမဲများပေးလျက်ရှိ . . .**

**❖ တစ်ဦးချင်းအနေဖြင့် အလုပ်လုပ်မှသာ နိုင်ငံ၏စီးပွားရေးမှာ တိုးတက်ကောင်းမွန်လာမည်ဖြစ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်းနေထိုင်ကြသူများအားလုံးတွင် တာဝန်ရှိ . . .**

# ရန်ကုန်မြို့၌ IT နည်းပညာနှင့်ပတ်သက်သော ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

Yangon-MCPA မှကြီးမှူး၍ အသင်းဝင်များအတွက်ရည်ရွယ်၍ IT နည်းပညာနှင့်ပတ်သက်သောဟောပြောပွဲကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။

ယခုအကြိမ်တွင် ကျောင်းသား၊ ကျောင်းသူများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် Digital နည်းပညာအသုံးပြု၍ ကိုယ်ပိုင်လုပ်ငန်းများတွင် စတင်အသုံးပြုရန်စိတ်ဝင်စားသူများအတွက်ရည်ရွယ်၍ How to Start a Startup Business in Digital Economy ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ဆွေးနွေးနိုင်မည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် စဉ်ဆက်မပြတ်ပြောင်းလဲနေသော Digital ခေတ်အတွင်း အရင်းအနှီးနည်းနည်းဖြင့် လုပ်ငန်းစတင်ခြင်း၊ ကိုယ်ပိုင်လုပ်ငန်းတည်ထောင်ခြင်း၊ စီးပွားရေးတစ်ခုစတင်ရာတွင် မရှိမဖြစ်သိထားရမည့် Strategy၊ Finance၊ Marketing၊ Sales အစရှိသော စီးပွားရေးစီမံခန့်ခွဲမှု အခြေခံမှုများကို ထည့်သွင်းဆွေးနွေးမည်ဖြစ်သည့်အပြင် မိမိတို့၏စီးပွားရေးလုပ်ငန်းတွင် အသုံးပြုနိုင်မည့် အသုံးဝင် Software များ၊ ITနည်းပညာများနှင့် တခြားသောအသုံးချနည်းပညာများကိုပါ ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်။

ဆွေးနွေးပွဲကို စိတ်ပါဝင်စားသူများအနေဖြင့် စက်တင်ဘာလ ၄ ရက်ထက်နောက်မကျစေဘဲ Google Form Link တွင် Register ဝင်ရောက်ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်တင်**

၂-၉-၂၀၂၅

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | |
|---|---|---|---|
| ထားဝယ် | ၃ ဒသမ | ၅၀ | လက်မ |
| မြိတ် | ၂ ဒသမ | ၇၆ | လက်မ |
| ဟိုင်းကြီးကျွန်း | ၂ ဒသမ | ၄၈ | လက်မ |
| ဟုမ္မလင်း | ၂ ဒသမ | ၂၀ | လက်မ |
| လပွတ္တာ | ၂ ဒသမ | ၂၀ | လက်မ |
| ဖောင်းပြင် | ၁ ဒသမ | ၈၁ | လက်မ |
| သာယာဝတီ | ၁ ဒသမ | ၅၇ | လက်မ |
| ရေး | ၁ ဒသမ | ၅၇ | လက်မ |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and delegation members pay homage to sacred Buddha tooth relic at Lingguang Temple in Beijing





Senior General Min Aung Hlaing pays homage to sacred Buddha tooth relic at Lingguang Temple in Beijing.

NAY PYI TAW September 2

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currenty in the People's Republic of China on his working visit, and delegation members paid homage to the sacred tooth relic of the Lord Buddha at Lingguang Temple in Beijing at 3 pm Chinese standard time today.

They were welcomed by officials from the temple and local Buddhists.

The Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar paid homage to the Abbot of the temple and asked about visits of pilgrims at home and abroad to pay homage to the sacred tooth relic, wish to convey the sacred tooth relic to Myanmar, and requirements of the temple. The abbot explained visits of pilgrims at home and abroad to pay homage to the sacred tooth relic, and renovation of the temple.

The abbot presented Dhamma gifts to the Senior General.



Senior General Min Aung Hlaing receives a warm welcome at Lingguang Temple.

Next, the Senior General and party donated cash to the fund of the temple.

The Senior General paid homage to the Buddha Image in the temple.

The Senior General and party paid homage to the sacred tooth relic of the Lord Buddha. The abbot explained the history of the tooth relic.

Afterwards, the Senior General and party paid obeisance to Buddha images in the precinct of the temple.

Lingguang Temple situated in Beijing is a historical temple which is well-known for locations of the sacred tooth relic of the Lord Buddha, other relics and ancient pagodas.

The monastery was originally built during the reign of Tang Dynasty and was first known as Kyaimkyai Temple. It was rebuilt during the reign of Liang Dynasty and renamed Lingguang Temple. Under the reign of Ming Dynasty, the temple became the main centre for worship and pilgrimage. In 1748, during the reign of Emperor Qianlong, the Tooth Relic Pagoda was built with bricks and stones to enshrine the Sacred Tooth Relic of the Buddha. The pagoda had 13 tiers and an octagonal brick tower. After the fall of the Chin dynasty, political instability from the 19th to early 20th centuries weakened the preservation of the monastery, and it was damaged during the Second Sino-Japanese War (1937-1945). Restoration efforts began after the 1980s renovation period, and the pagoda enshrining the Buddha's Sacred Tooth Relic has since been restored and maintained. Historical records show that the Sacred Tooth Relic of Lingguang Temple was ceremonially brought to Myanmar for veneration in 1955, 1994, 1996, and 2011.

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivers speech to families of Myanmar Embassy and Military Attaché Office in PRC






Senior General Min Aung Hlaing meets families of Myanmar Embassy in Beijing and Office of the Military Attache.

NAY PYI TAW September 2

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in the People's Republic of China on his working visit, delivered a speech to families of the Myanmar Embassy and Military Attaché Office in the PRC, scholarship students at the embassy at 5 pm local time this evening.

Also present at the meeting together with the Senior General were members of his entourage Commission Secretary Joint Executive Chief General Ye Win Oo, Member of the commission Union Minister for Foreign Affairs U Than Swe, Member of the commission Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and union ministers, Myanmar Ambassador to the PRC U Tin Maung Swe and his wife, Myanmar Military Attaché to the PRC Brig-Gen Zaw Zaw Naing and his wife, families of the embassy and the Military Attaché Office and scholarship students.

First, the ambassador and the military attaché introduced the families of the embassy and Military Attaché Office to the Senior General one by one.

Then, the Senior General delivered a speech, saying he has visited the PRC to attend the Shanghai Cooperation Organization-SCO Summit 2025 Plus and the military parade marking the 80th Anniversary of the victory of the Chinese people's War of Resistance Against Japanese Aggression and the World Anti-Fascist War at the invitation of President of the PRC H.E. Mr. Xi Jinping. The opportunity to attend such international events represents positive outcomes for our country.

During the working visit, discussions were held with the President of the PRC, the Prime Minister of India and the President of the LPDR and positive outcomes were achieved. Relations between Myanmar and neighbouring countries are improving. Similarly, Myanmar is cooperating with the members of ASEAN to improve relations with them.

Since regaining independence, Myanmar has undergone different political and economic systems. The Tatmadaw held a multi-party democracy general election in 2010 and paved the way for democratic path. The Tatmadaw is exerting efforts to strengthen the multi-party democracy system. During the term of the first democratic government, efforts were made for strengthening the democracy system while steps were taken to restore internal peace, which is indispensable for adopting the democracy system.

As the Tatmadaw personnel are part of the people and the Tatmadaw is part of the State, the Tatmadaw is striving to firmly continue on the multi-party democracy path desired by the people.

Preparatory work is being carried out to be able to hold the election in the coming December. In doing so, the 2024 Population and Housing Census has been successfully completed. Conducting this census helps to obtain voter lists and also supports the implementation of national development tasks.

Efforts are being made to ensure that all eligible voters can cast their votes. The election will be held in phases based on the stability and peace of respective regions. To ensure there are no errors in the voter lists, the Myanmar Electronic Voting System (MEVM) will be used. This system is also used for voting in other countries. Elections are important in democratic nations, and it is crucial to prevent electoral fraud. Candidates competing in the election should also be educated. During the election, it is necessary to be able to select representatives who will benefit the country and the region.

Regarding the economy, since gaining independence, our country has operated under various political and economic systems. During these times, the national economy declined due to management and flawed policies. During our tenure, efforts have been made for the country's economic development. Domestic production of goods must be increased. Only then will domestic consumption be sufficient and the surplus can be exported to foreign countries. The country's economy will only improve if domestic products are successfully produced and increased. The nation's economy will only prosper if individuals work. To achieve this, a sufficient number of educated human resources with formal education is needed. Knowledge will only increase when formal education improves. The following slogans have been set: "Let us encourage production for prosperity of the Nation.," "Let us ensure education sector for the development of the Nation.," and "Let us protect our environment for the prosperity of the Nation." All people residing in the country have a responsibility for the nation's development. Just as there are those serving diplomatic duties for bilateral relations, there are also scholars who come to study to serve the interests of the State. Therefore, everyone is urged to cooperatively contribute from their capable side for our country's development.

Afterwards, the Senior General presented food items and honorarium funds for the Embassy, Attaché Office families, and scholars. The Ambassador and wife, the Myanmar Military Attaché (Army, Navy and Air) and wife, and the Embassy and Attaché Office families and scholars accepted them.

After the meeting, the Senior General cordially bid farewell to the Embassy and Military Attaché Office families.

100

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Israeli archaeologists discover 1,600-year-old Samaritan agricultural estate

JERUSALEM September 2

Israeli archaeologists have uncovered an agricultural estate about 1,600 years old, the Israel Antiquities Authority said in a statement on Tuesday.

The ancient estate, found in Kafr Qasim in central Israel, includes colorful mosaic floors, ritual baths, and an olive oil press.

It was located at an archaeological site where an important Samaritan settlement thrived for about 400 years, from the late Roman period to the end of the Byzantine era.

Historical sources describe the site as the birthplace of Menander, a Samaritan magician and successor to Simon Magus, who was regarded as the father of Gnostic sects and one of Christianity's earliest converts.

The archaeologists noted that the size and design of the buildings, the rich mosaic floors, and the agricultural facilities all reflect the great wealth of the Samaritan community that inhabited the area.

One building contained a mosaic decorated with a geometric pattern and plant designs. Its central medallion was framed by acanthus leaves and surrounded by images of grapes, dates, watermelons, artichokes, and asparagus.

In the northern part of the estate, the team found an olive press, a warehouse, and a purification bath. According to the team, the bath's location near the press suggests olive oil was produced in ritual purity. The press was carefully designed with screw presses and a crushing basin.

Over time, the estate changed, with luxurious buildings giving way to agricultural production. Some mosaic floors were damaged, and architectural elements were reused in new walls.

Despite the turmoil of the Samaritan revolts against Byzantine rulers, the estate continued to function and even preserved its Samaritan identity, as shown by oil lamps uncovered in the excavation, the team said.

**Xinhua**

# China respects Iran's right to peaceful use of nuclear energy - Xi

BEIJING September 2

Beijing respects Iran's right to peaceful use of nuclear energy and supports Iran in protecting state sovereignty, Chinese President Xi Jinping said on Tuesday.

Earlier in the day, Xi held a meeting with Iranian President Masoud Pezeshkian in Beijing.

"China appreciates Iran's repeated confirmation of its commitment not to develop nuclear weapons, and respects Iran's right to peaceful uses of nuclear energy," Xi said, as quoted by the Chinese Central Television.

Beijing supports Iran in protecting its state sovereignty, territorial integrity and national dignity, as well as in protecting its legitimate rights and interests through political negotiations, Xi added.

The Chinese-Iranian relations have withstood the test of the unstable international situation and continue to develop steadily and successfully, Xi said.

"China will continue to uphold justice, promote a solution to the Iranian nuclear issue that takes into account the legitimate interests of all parties, and tirelessly make efforts to achieve lasting peace in the Middle East," the Chinese leader added.

**Sputnik**

# China announces visa-free travel for Russians



BEIJING September 2

China will grant visa-free entry to Russian citizens on a one-year trial basis to further facilitate travel between the two countries, Beijing announced on Tuesday.

The announcement comes during Russian President Vladimir Putin's four-day visit to the country for the Shanghai Cooperation Organization summit, where he has met his Chinese counterpart Xi Jinping and other world leaders.

Chinese Foreign Ministry spokesman Guo Jiakun told a press briefing that the visa waiver program would be expanded to ordinary passport holders from Russia starting September 15. Travelers will be able to enter the country for up to 30 days for business, tourism, personal visits, exchanges, and transit purposes.

Guo said the decision reflected the high level of development in China-Russia relations and is aimed at deepening people-to-people exchanges.

Interest in trips to China surged following the ministry's announcement, according to the Russian Association of Travel Aggregators. Its head, Aleksandr Bragin, told TASS that online searches for flights and hotel bookings doubled immediately. He predicts overall demand to grow by 30percent or more.

At present, Russians need a visa to visit China, with tourist permits issued through visa centers in Moscow and St. Petersburg, as well as Chinese consulates in cities including Ekaterinburg, Kazan, Khabarovsk, and Vladivostok. Fees range from 2,500 to 3,300 rubles (US$-31-41) for a single-entry visa, while multiple-entries start from US$-92. Processing usually takes a week, but sometimes longer.

Moscow and Beijing launched a visa-free group tourist exchange in August 2023, which was used by nearly 130,000 people that year, according to Russia's Association of Tour Operators.

**RT**

# Eastern Afghanistan earthquake death toll rises to 1,124

KABUL September 2

The death toll from the powerful earthquake that struck eastern Afghanistan has climbed to 1,124, with 3,251 others injured, according to the Afghan Red Crescent Society on Tuesday.

Over 8,000 residential houses, primarily in Kunar Province, have been completely or partially destroyed due to the earthquake, Juma Khan Nayeel, head of information and publication at the Afghan Red Crescent Society, told Xinhua.

Relief and rescue teams are working to pull out people trapped under the rubble, and the figures for fatalities and injuries have not yet been finalized.

The earthquake struck the eastern part of Afghanistan at 11:47 p.m. local time on August 31, with the epicenter located 27 km northeast of Jalalabad, the capital of Nangarhar Province, at a depth of eight km.

**Xinhua**

# Pakistan reports 18 deaths from floods, rains in 24 hours

ISLAMABAD September 2

Floods and rain-triggered accidents across Pakistan claimed 18 lives and injured 29 others in the past 24 hours, the National Disaster Management Authority (NDMA) said Tuesday.

The eastern Punjab province and Pakistan-controlled Kashmir reported seven deaths each, followed by four in the northern Khyber Pakhtunkhwa Province, according to the NDMA.

The causes of death included flood-related drowning, structural collapses due to water damage, and accidental electrocutions as water levels rose in urban and semi-urban areas.

Authorities have issued fresh warnings for further rain in vulnerable areas, while emergency teams remain on alert. Rescue operations and damage assessments are underway in the affected regions.

**Xinhua**

# Man killed by police after knife attack in Marseille

PARIS September 2


A man was shot dead by police in the southeastern French city of Marseille on Tuesday afternoon after stabbing at least five people in a hotel, French media reported. One of the victims is in critical condition.

The suspect was shot several times by police in front of a restaurant in the city center, where the incident took place.

He is believed to be a Tunisian national with legal residency in France and was reportedly known to local intelligence services. The motive for the attack remains unclear, according to BFMTV.

**Xinhua**

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds talks with Vice President of PRC H.E. Mr. Han Zheng



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds talks with Vice President of PRC H.E. Mr. Han Zheng.

NAY PYI TAW September 2

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who was in Beijing, the People's Republic of China to pay a working visit, held talks with Vice President of PRC H.E. Mr. Han Zheng at Diaoyutai State Guesthouse at 12 noon local time today.

First, the PRC Vice President warmly welcomed the Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, followed by a photo session.

Also present at the meeting together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, Commission member Union Minister for Foreign Affairs U Than Swe, Commission member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, Union ministers, Dr Wah Wah Maung, U Min Naung and U Chit Swe, Myanmar Ambassador to PRC U Tin Maung Swe, deputy ministers of the delegation and officials. The PRC Vice President was accompanied by officials of PRC government, Ambassador of PRC to Myanmar H.E. Ms. Ma Jia and officials.

Cordial discussions between both sides at the meeting were centred on SCO that is an important organization for Southeast Asian nations, Myanmar's cooperation with SCO to join the body, Myanmar-China cooperation based on common ground between the two good neighbours, mutual support for progress, further promotion of friendship and cooperation between the two countries, bilateral cooperation for peace and stability in border area, Myanmar's endeavours for internal peace, bilateral cooperation for economic development, ongoing Chinese help for the damages caused by the Mandalay earthquake in March, and continuous assistance for peace, stability and progress of Myanmar. **100**

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation arrive in Beijing by special express train from Tianjin



Senior General Min Aung Hlaing receives a bouquet from a little girl at Southern Station in Beijing.

NAY PYI TAW September 2

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in the People's Republic of China to pay a working visit, accompanied the entourage, left Tianjin railway station for Beijing at 10.30 am local time by special express train.

At the station, an official with the rank of a deputy minister of the Tianjin municipality and other officials saw the Senior General and delegation off, and at the same time, Chinese people waved miniflags and bid farewell along the station passage.

The Senior General and high-level Myanmar delegation observed urban developments along the railroad.

On arrival at Southern Station in Beijing, the Senior General and delegation were welcomed by an official with the rank of a deputy minister of the Beijing municipality and other officials, and Chinese people also welcomed them along the station passage by waving miniflags.

The Senior General and delegation left the station in a motorcade and arrived at the Diaoyutai State Guesthouse. **100**

# ပြောက်ကျားတပ်ဖွဲ့ငယ်အဆင့်မှ နည်းပညာမြင့်စစ်လက်နက်ပစ္စည်းများပြသနိုင်သည့်အထိ တိုးတက်လာတဲ့ တရုတ်နိုင်ငံရဲ့စစ်ရေးပြအခမ်းအနားများ - (၂)

ထက်မြတ်

ပြီးခဲ့တဲ့အပိုင်း(၁)မှာတုန်းက တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်ကြီးများဖြစ်တဲ့ မော်စီတုန်းလက်ထက်၊ တိန့်ရှောင်ဖိန်လက်ထက်၊ ကျန်ဇီမင်းလက်ထက်၊ ဟူကျင်တောင်လက်ထက်တို့မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့စစ်လက်နက်ပစ္စည်းများ တစ်စထက်တစ်စ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုကို တစ်စိတ်တစ်ပိုင်း ဖော်ပြခဲ့ပြီးပါပြီ။

အခုအပိုင်း(၂)မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်အဖြစ် အချိန်တိုအတွင်း အကောင်အထည်ဖော်ပေးနိုင်ခဲ့တဲ့ သမ္မတရှီကျင့်ဖျင်လက်ထက်အတွင်း စစ်လက်နက်ပစ္စည်းများ ဘယ်လောက်အထိတိုးတက်လာလဲဆိုတာကို ဖော်ပြသွားမှာဖြစ်ပါတယ်။




### ရှီကျင့်ဖျင်လက်ထက်

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃ ရက်မှာ တရုတ်နိုင်ငံက ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ရဲ့နယ်ချဲ့ကျူးကျော်မှုကိုအောင်နိုင်ခဲ့တဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားကြီးတစ်ခုကို ကျင်းပခဲ့ပါတယ်။ အဲဒီစစ်ရေးပြအခမ်းအနားကြီးက ဒီလိုမျိုး ဂျပန်တို့ရဲ့နယ်ချဲ့ကျူးကျော်မှုအပေါ် အောင်နိုင်တဲ့အထိမ်းအမှတ်အဖြစ်ကျင်းပတဲ့ ပထမဆုံးသောစစ်ရေးပြအခမ်းအနားကြီးဖြစ်ပါတယ်။

အဲဒီစစ်ရေးပြအခမ်းအနားမှာ စစ်သည်အင်အား စုစုပေါင်း ၁၂,၀၀၀ အထိပါဝင်စစ်ရေးပြခဲ့တာပါ။ ဒါ့အပြင် စစ်ရေးပြအခမ်းအနားမှာထုတ်ဖော်ပြသခဲ့တဲ့ စစ်လက်နက်ပစ္စည်းများအားလုံးက ပြည်တွင်းဖြစ် စစ်လက်နက်ပစ္စည်းတွေချည်းပါပဲ။ အထင်ရှားဆုံးအဖြစ် တရုတ်နိုင်ငံအတွက် ပထမဆုံးလေယာဉ်တင်သင်္ဘောအခြေပြုတိုက်လေယာဉ် J-15 အပြင် Type 99A အမျိုးအစားတိုက်ပွဲဝင်တင့်ကားများ၊ KJ-500 လေကြောင်းကြိုတင်သတိပေးရေးနဲ့ ထိန်းချုပ်ရေးလေယာဉ်များပါဝင်ပါတယ်။

အဲဒီစစ်ရေးပြအခမ်းအနားကို ပြည်ပမှစစ်ဘက်ဆိုင်ရာကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါတယ်။ အထူးသဖြင့် ရုရှား၊ ပါကစ္စတန်၊ ကျူးဘားနဲ့ အီဂျစ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များက တရုတ်နိုင်ငံရဲ့ဖိတ်ကြားချက်အရ ပါဝင်တက်ရောက်ခဲ့တာကိုတွေ့ရပါတယ်။ ဒါ့အပြင် သမ္မတရှီကျင့်ဖျင်ဟာ အဲဒီစစ်ရေးပြအခမ်းအနားမှာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ဘက်စုံပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးတစ်ခုကို တရားဝင်ထုတ်ဖော်ကြေညာခဲ့ပြန်ပါတယ်။ အဓိကကတော့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ရေးအတွက် လုပ်ဆောင်တဲ့ လုပ်ငန်းစဉ်တစ်ခုအရ စစ်သည်အင်အားသုံးသိန်းကို လျှော့ချမယ်ဆိုတဲ့ ကြေညာချက်ကိုထုတ်ပြန်ကြေညာခဲ့ခြင်းပဲဖြစ်ပါတယ်။

### နှစ်(၉၀)ပြည့် တပ်မတော်နေ့

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို တည်ထောင်မှုနှစ်(၉၀)ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို နိုင်ငံအတွင်း အကြီးဆုံးသောလေ့ကျင့်ရေးစခန်းဖြစ်တဲ့ အတွင်းပိုင်းမွန်ဂိုလီးယားဒေသရှိ ဇူရီဟေးလေ့ကျင့်ရေးစခန်းမှာ ကျင်းပခဲ့ပါတယ်။ ဒီစစ်ရေးပြအခမ်းအနားမှာလည်း စစ်သည်အင်အား ၁၂,၀၀၀ က ပါဝင်စစ်ရေးပြခဲ့တာပါ။ ဒါပေမဲ့ တစ်ခုထူးခြားတာက ခမ်းနားထည်ဝါလှတဲ့ စစ်ရေးပြလမ်းလျှောက်မှုအပြင် တိုက်ပွဲဝင်လေ့ကျင့်မှုများကိုလည်း ထည့်သွင်းပြသခဲ့တာတွေ့ရပါတယ်။



ဒီစစ်ရေးပြအခမ်းအနားအတွက် ဂုဏ်အယူရဆုံး စစ်လက်နက်ပစ္စည်းတစ်ခုကိုပြပါဆိုရင် J-20 တိုက်လေယာဉ်ကို လက်ညှိုးထိုးပြရပါလိမ့်မယ်။ J-20 တိုက်လေယာဉ်ဆိုတာ အမေရိကန်ထုတ်မဟုတ်ဘဲ စစ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်စွမ်းရှိတဲ့ ပထမဆုံးသော ကိုယ်ပျောက်တိုက်လေယာဉ်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Dongfeng 31-AG ပါ။ သူက နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်တဲ့ အမြင့်ပျံဒုံးကျည်တစ်စင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုကိုသာမက ဥရောပတစ်ခွင်လုံးရှိ ဘယ်လိုပစ်မှတ်ကိုမဆို ထိမှန်အောင်ပစ်ခတ်နိုင်စွမ်းရှိတဲ့ ဒုံးကျည်အမျိုးအစားဖြစ်ပါတယ်။

တခြားစစ်လက်နက်ပစ္စည်းတွေထဲမှာ YJ-12 သင်္ဘောဖျက်ဒုံးကျည်များ၊ Hongqi-9B နဲ့ 22 ဒုံးကျည်များ၊ Y-20 စစ်သုံးသယ်ယူပို့ဆောင်ရေးလေယာဉ်တို့ပါဝင်ပါတယ်။ ဒါ့အပြင် အဲဒီစစ်ရေးပြအခမ်းအနားဟာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ မဟာဗျူဟာမြောက်အထောက်အကူပေးရေးတပ်ဖွဲ့ကြီးကို ပထမဆုံးထုတ်ဖော်မိတ်ဆက်ခဲ့တဲ့ စစ်ရေးပြအခမ်းအနားလည်းဖြစ်ပါတယ်။ အဲဒီတပ်ဖွဲ့က အီလက်ထရွန်နစ်စစ်ဆင်ရေးများကို အဓိကဆောင်ရွက်တဲ့တပ်ဖွဲ့ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်တုန်းက အဲဒီတပ်ဖွဲ့ကြီးကို တပ်ဖွဲ့သုံးခုအဖြစ်ပြန်လည်ခွဲထုတ်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒါတွေကတော့ လေကြောင်းအာကာသတပ်ဖွဲ့၊ ဆိုက်ဘာနယ်ပယ်တပ်ဖွဲ့နဲ့သတင်းအချက်အလက်ထောက်ပံ့ပေးရေးတပ်ဖွဲ့တို့ဖြစ်ပါတယ်။

### ရေတပ်စစ်ရေးပြအခမ်းအနားများ

သမ္မတရှီကျင့်ဖျင်လက်ထက်မှာ ကြီးကျယ်ခမ်းနားလှတဲ့ ရေတပ်စစ်ရေးပြအခမ်းအနားများကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့သမိုင်းတစ်လျှောက် အကြီးဆုံးသော ရေတပ်စစ်ရေးလေ့ကျင့်ခန်းကို ဟိုင်နန်ကျွန်းကမ်းလွန်မှာရှိတဲ့ တောင်တရုတ်ပင်လယ်အတွင်းမှာ ကျင်းပခဲ့ပါတယ်။ အဲဒီစစ်ရေးပြအခမ်းအနားမှာ စစ်ရေယာဉ် ၄၈ စင်း၊ စစ်လေယာဉ် ၇၆ စင်း၊ ရေတပ်စစ်သည်နဲ့ အခြားစစ်သည်စုစုပေါင်း ၁၀,၀၀၀ ကျော်က ပါဝင်စစ်ရေးပြခဲ့တာပါ။ အဲဒီစစ်ရေးပြအခမ်းအနားမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် ပထမဆုံးသောလေယာဉ်တင်သင်္ဘောကြီးဖြစ်တဲ့ လျောင်နင်ကပါဝင်စစ်ရေးပြသလို Type 093 နဲ့ Type 094 အပါအဝင် နောက်ဆုံးပေါ်နျူကလီးယားစွမ်းအင်အသုံးပြုရေငုပ်သင်္ဘောများလည်း ပါဝင်စစ်ရေးပြခွင့်ရခဲ့ကြပါတယ်။

၂၀၁၉ ခုနှစ်မှာတော့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)တည်ထောင်မှုနှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် နောက်ထပ်ရေတပ်စစ်ရေးပြအခမ်းအနားတစ်ခုကို ကျင်းတောင်ကမ်းရိုးတန်းမှာ ကျင်းပခဲ့ပါတယ်။ ဒီစစ်ရေးပြအခမ်းအနားမှာတော့ ပြည်ပနိုင်ငံပေါင်း ၆၁ နိုင်ငံမှ ဖိတ်ကြားခံရသူ ဧည့်သည်တော်များနဲ့ ပြည်ပစစ်သင်္ဘော ၁၈ စင်းက ပါဝင်စစ်ရေးပြခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ရေတပ်မှစစ်ရေယာဉ် ၃၂ စင်းနဲ့ စစ်လေယာဉ် ၃၉ စင်းတို့က ဒီစစ်ရေးပြအခမ်းအနားကြီးမှာ ပါဝင်စစ်ရေးပြသလို အဆင့်မြင့်ရေငုပ်သင်္ဘောစစ်ဆင်ရေးနဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်များ တပ်ဆင်ထားတဲ့ Type 055 အမျိုးအစား ဖျက်သင်္ဘောကိုပါ ပထမဆုံးပွဲထုတ်ခဲ့တာဖြစ်ပါတယ်။

### နှစ်(၇၀)ပြည့် အမျိုးသားနေ့

၂၀၁၉ ခုနှစ်မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)ရဲ့ နှစ်(၇၀)ပြည့်စစ်ရေးပြအခမ်းအနားကိုကျင်းပခဲ့သလို နှစ်(၇၀)ပြည့်အမျိုးသားနေ့အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကိုလည်း ကျင်းပခဲ့ပါတယ်။ အမျိုးသားနေ့အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကတော့ ၁၀ နှစ်တစ်ကြိမ်ကျင်းပခဲ့တာပါ။ ၂၀၁၉ ခုနှစ်အတွက် အမျိုးသားနေ့စစ်ရေးပြအခမ်းအနားမှာ စစ်သည်အင်အား ၁၅,၀၀၀ အပြင် အမျိုးမျိုးသော အဆင့်မြင့်စစ်လက်နက်ပစ္စည်းများကိုလည်း ထုတ်ဖော်ပြသခဲ့တာတွေ့ရပါတယ်။

ထုတ်ဖော်ပြသခဲ့တဲ့ အဆင့်မြင့်စစ်လက်နက်တွေထဲမှာ Dongfeng-41 အမျိုးအစားဒုံးကျည်တစ်မျိုးလည်းပါဝင်ပါတယ်။ အဲဒီဒုံးကျည်ဆိုတာက တရုတ်နိုင်ငံရဲ့အဆင့်အမြင့်ဆုံးဖြစ်တဲ့ မြေပြင်အခြေစိုက် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားချက်က တခြားတိုက်ချင်းပစ်ဒုံးကျည်တွေလိုမျိုး နျူကလီးယားထိပ်ဖူးတစ်လုံးတည်းသယ်ဆောင်နိုင်တာမဟုတ်ပါဘူး။

စာမျက်နှာ ၂၃ သို့ ■

■ စာမျက်နှာ ၂၂ မှအဆက်

နျူကလီးယားထိပ်ဖူးများစွာကိုသယ်ဆောင်နိုင်တာပါ။ ဒ့ါအပြင် H-6N အမျိုးအစား တာဝေးပြေးမဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်နဲ့ တတိယမျိုးဆက် Type 15 အပေါ့စားတင့်တို့လည်း ပါဝင်ပါတယ်။ အဲဒီတင့်အမျိုးအစားက မြေပြင်အခြေအနေအမျိုးမျိုးမှာ လှုပ်ရှားသွားလာနိုင်အောင် ဒီဇိုင်းရေးဆွဲထားတဲ့ တင့်ဖြစ်ပါတယ်။

နှစ်(၇၀)ပြည့်အမျိုးသားနေ့အထိမ်းအမှတ်ကျင်းပတဲ့စစ်ရေးပြအခမ်းအနားမှာ PCL-191 အမျိုးအစား ယာဉ်တင်အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်တစ်မျိုးလည်းပါဝင်ပါတယ်။ အတွဲလိုက်ဒုံးပစ်လောင်ချာဆိုတာက စစ်မြေပြင်မှာ တကယ်ကိုထိရောက်မှုရှိတဲ့ တာတိုပစ်ဒုံးလက်နက်တစ်မျိုးပါ။ အဲဒီအချိန်ကစပြီး PCL-191 အတွဲလိုက်ဒုံးပစ်လောင်ချာကို အရှေ့ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် နယ်မြေအတွင်း ဖြန့်ကြက်အသုံးပြုထားပါတယ်။ အဲဒီနယ်မြေအတွင်းမှာ ထိုင်ဝမ်ရေလက်ကြားလည်းပါဝင်ပါတယ်။

**နှစ်(၈၀)ပြည့် ဒုတိယကမ္ဘာစစ်အောင်ပွဲနေ့**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်တို့ရဲ့ နယ်ချဲ့ကျူးကျော်မှုကို အပြီးတိုင်တိုက်ထုတ်ပြီး ဒုတိယကမ္ဘာစစ်ကိုအဆုံးသတ်စေနိုင်ခဲ့တဲ့အထိမ်းအမှတ်အဖြစ် နှစ်(၇၀)ပြည့်ဒုတိယကမ္ဘာစစ်အောင်ပွဲနေ့မှာ သူနဲ့ပတ်သက်တဲ့ပထမဆုံးစစ်ရေးပြအခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ဒီနှစ် ၂၀၂၅ ခုနှစ်မှာတော့ ဒုတိယကမ္ဘာစစ်အောင်ပွဲနေ့က နှစ်(၈၀)ပြည့်မြောက်ခဲ့ပါပြီ။ ဒီအချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတရှီကျင့်ဖျင်ရဲ့ဦးဆောင်မှုနဲ့ အတူ ဒုတိယကမ္ဘာစစ်အောင်ပွဲနေ့ နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကြီးကို စက်တင်ဘာလ ၃ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ သမိုင်းတစ်လျှောက် ကျင်းပခဲ့တဲ့ စစ်ရေးပြအခမ်းအနားတိုင်းမှာ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုအဆင့်မြင့်တဲ့ စစ်လက်နက်ပစ္စည်းများကို ထုတ်ဖော်ပြသခဲ့တာ တွေ့မြင်ခဲ့ရပြီးပါပြီ။ အခုကျင်းပမယ့်စစ်ရေးပြအခမ်းအနားမှာလည်း အရင်ထက်ပိုပြီးအဆင့်မြင့်တဲ့ စစ်လက်နက်ပစ္စည်းများပါဝင်လာဦးမှာ မလွဲကေန်ပါ။ စစ်ရေးသုံးသပ်ကျွမ်းကျင်ပညာရှင်များရဲ့အဆိုအရ တရုတ်နိုင်ငံဟာ သူ့နိုင်ငံရဲ့ စစ်အင်အားကြီးထွားမှုကို ဂုဏ်ယူစွာပြသတဲ့အနေနဲ့ နောက်ဆုံးပေါ်စစ်လက်နက်ပစ္စည်းတွေကို ထုတ်ဖော်ပြသသွားဖို့ရှိတယ်လို့သိရပါတယ်။

မကြာသေးခင်ကလုပ်ဆောင်ခဲ့တဲ့ စစ်ရေးပြအခမ်းအနားကြီးအတွက် လေ့ကျင့်မှုတွေမှာလည်း အရင်တုန်းက မမြင်တွေ့ခဲ့ဖူးတဲ့စစ်လက်နက်ပစ္စည်းများကို မြင်တွေ့ထားရတယ်လို့ လူမှုကွန်ရက်မှာ တင်ထားတဲ့ဓာတ်ပုံများအရသိရပါတယ်။ အဲဒီဓာတ်ပုံများအရဆိုရင် သင်္ဘောဖျက်ဒုံးကျည်အသစ်များ၊ နောက်ဆုံးပေါ်နည်းပညာမြင့်ရေအောက်သုံးဒရုန်းများ၊ ဒုံးကျည်ကာကွယ်ရေးစနစ်များနဲ့ တခြားအဆင့်မြင့်စစ်လက်နက်ပစ္စည်းများပါဝင်နေတာကို တွေ့ရပါတယ်။ အထူးခြားဆုံးတစ်ခုကတော့ ဒရုန်းအသစ်များရဲ့စွမ်းရည်ကိုပါ ပြသသွားဖို့ရှိနေတယ်လို့ဆိုကြပါတယ်။

ဒီစစ်ရေးပြအခမ်းအနားကြီးကို ပေကျင်းမြို့ရှိ တီယန်အန်မင်ရင်ပြင်ကြီးမှာ ကျင်းပသွားမှာပါ။ တီယန်အန်မင်ရင်ပြင်ကြီးဆိုတာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ပထမဆုံးသောစစ်ရေးပြအခမ်းအနားကိုကျင်းပခဲ့တဲ့နေရာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ထုတ်ဖော်ပြသခဲ့တဲ့ စစ်လက်နက်ပစ္စည်းများက စစ်ပွဲအတွင်းမှာသိမ်းဆည်းရမိတဲ့ စစ်လက်နက်ပစ္စည်းအဟောင်းများသာဖြစ်ပါတယ်။ ဒါပေမဲ့ အခုနှစ်ပေါင်း ၈၀ ကျော် ၉၀ အတွင်းကာလမှာကျင်းပတဲ့ ရာစုနှစ်ရဲ့အကြီးကျယ်ဆုံးသော စစ်ရေးပြအခမ်းအနားကြီးလို့ပင် ဆိုရလောက်တဲ့ စက်တင်ဘာလ ၃ ရက်စစ်ရေးပြအခမ်းအနားမှာတော့ တရုတ်နိုင်ငံဟာ ကမ္ဘာ့အဆင့်မီတဲ့အပြင် စွမ်းဆောင်ရည်မြင့်မားလှတဲ့ စစ်လက်နက်ပစ္စည်းများကို ပိုင်ဆိုင်ထားပြီဆိုတဲ့အကြောင်း ဖိတ်ကြားထားတဲ့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်ကြီးများရှေ့မှောက်မှာ ထုတ်ဖော်ပြသတော့မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**Ref: SCMP**

# အာဖဂန်နစ္စတန်၌ ငလျင်လှုပ်ခတ်မှုအတွင်း သေဆုံးသူ ၁၁၂၄ ဦးအထိ မြင့်တက်

ကဘူး၊ သဘာဝဘေး

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဖြစ်ပွားသော ငလျင်လှုပ်ခတ်မှုတစ်ခုအတွင်း သေဆုံးသူဦးရေ ၁၁၂၄ ဦးအထိနှင့် ဒဏ်ရာရရှိသူ ၃၂၅၁ ဦးအထိ မြင့်တက်လာကြောင်း အာဖဂန်လခြမ်းနီအဖွဲ့က စက်တင်ဘာလ ၂ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါငလျင်ကြောင့် ထိခိုက်မှုအများဆုံးဖြစ်သည့် ကူနာပြည်နယ်အတွင်း နေအိမ်အလုံးပေါင်း ၈၀၀၀ ကျော် ပြိုကျပျက်စီးမှုဖြစ်ပွားကြောင်း လခြမ်းနီအဖွဲ့မှ ပြန်ကြားရေးတာဝန်ခံကပြောသည်။

တစ်ချိန်တည်းမှာပင် အပျက်အစီးများအောက်၌ ပိတ်မိနေသော အသက်ရှင်ကျန်ရစ်ဖွယ်ရှိသူများကို ဆွဲထုတ်ကယ်ဆယ်နိုင်ရေးအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ သေဆုံးသူနှင့်ဒဏ်ရာရရှိသူအရေအတွက် ဆက်လက်မြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများကပြောသည်။

ပြင်းအား ၆ ဒသမ သုညရှိသည့် ငလျင်သည် ဩဂုတ်လ ၃၁ ရက် ည ၁၁ နာရီ ၄၇ မိနစ်တွင် မြေအောက်အနက် ၈ ကီလိုမီတာ၌ လှုပ်ခတ်ခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

# ဗီယက်နမ်က နှစ်(၈၀)ပြည့် ဩဂုတ်တော်လှန်ရေးနှင့် အမျိုးသားနေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကျင်းပ



ဟနွိုင်း၊ ပြည်တွင်းရေး

ဗီယက်နမ်နိုင်ငံက စက်တင်ဘာလ ၂ ရက်တွင်ကျရောက်သော နှစ်(၈၀)ပြည့် ဩဂုတ်တော်လှန်ရေးနှင့် အမျိုးသားနေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ဟနွိုင်းမြို့ရှိ ဘာဒင်ရင်ပြင်၌ ကြီးကျယ်ခမ်းနားစွာကျင်းပကြောင်း ဗီယက်နမ်သတင်းဌာနကဖော်ပြထားသည်။

ထိုစစ်ရေးပြအခမ်းအနားကို အမြောက် ၂၁ ချက်ပစ်ဖောက်ဂုဏ်ပြုခြင်းဖြင့် စတင်ပြီး ၎င်းနောက်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့တို့က စစ်သုံးယာဉ်များ၊ အမြောက်များအပြင် အခြားစစ်လက်နက်ပစ္စည်းများနှင့်အတူ စစ်ရေးပြချီတက်သည်။

ထိုစစ်ရေးပြအခမ်းအနားကို ကြည့်ရှုခွင့်ရရှိနိုင်ရန် ဗီယက်နမ်ပြည်သူနှင့်ခရီးသွားထောင်ပေါင်းများစွာက စက်တင်ဘာလ ၁ ရက် ညပိုင်းကတည်းက ဟနွိုင်းမြို့ရှိ လမ်းမများပေါ်တွင် တန်းစီစောင့်ဆိုင်းကာ စက်တင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် စစ်ရေးပြစစ်ကြောင်းကြီးများကို ဂုဏ်ပြုကြိုဆိုမှုများလုပ်ဆောင်သည်။

အဆိုပါစစ်ရေးပြအခမ်းအနားကြီးတွင် တရုတ်၊ ရုရှား၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဂုဏ်ပြုတပ်ဖွဲ့များက ပါဝင်စစ်ရေးပြကြောင်း၊ ဗီယက်နမ်နိုင်ငံက ပထမဆုံးအနေဖြင့် ရေငုပ်သင်္ဘောများလည်း ပါဝင်သည့် ရေတပ်စစ်ရေးပြအခမ်းအနားကိုပါ ပူးတွဲပြုလုပ်ပြီး ရုပ်မြင်သံကြားမှ တစ်ဆင့်ထုတ်လွှင့်ပြသကြောင်း သတင်းဌာနများက ဖော်ပြထားသည်။

ဩဂုတ်တော်လှန်ရေးသည် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင်စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဩဂုတ်တော်လှန်ရေးကြောင့် ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ယခုအခါဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် ကူးပြောင်းလာခြင်းဖြစ်သည်။

**Ref: Xinhua, V+**

# ဆူဒန်နိုင်ငံ၌ မြေပြိုမှုအတွင်း ပြည်သူ ရာပေါင်းများစွာသေဆုံး

ခါတွမ်၊ သဘာဝဘေး

ဆူဒန်နိုင်ငံအလယ်ပိုင်း ဒါဖာပြည်နယ်ရှိ ဂျီဘယ်မာရာမြို့၌ဖြစ်ပွားသော မြေပြိုမှုများအတွင်း ပြည်သူရာပေါင်းများစွာသေဆုံးကြောင်း ဆူဒန်နိုင်ငံအာဏာလွှဲပြောင်းရေးကောင်စီက စက်တင်ဘာလ ၂ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါဒေသအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုများဖြစ်ပွားခြင်းဖြစ်ပြီး ယင်းကဲ့သို့မြေပြိုမှုများကြောင့် အပြစ်မဲ့ပြည်သူ ရာပေါင်းများစွာသေဆုံးရခြင်းအတွက် အလွန်ဝမ်းနည်းရကြောင်း ကောင်စီ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ကောင်စီအနေဖြင့် သေဆုံးသူပြည်သူများ၏ မိသားစုဝင်များထံသို့ ဝမ်းနည်းစကားများပြောပြီးဖြစ်ကြောင်း၊ သဘာဝဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးမည်ဟုကတိပြုကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဩဂုတ်လ ၃၁ ရက်တွင်ဖြစ်ပွားသော မြေပြိုမှုများကြောင့် ကျေးရွာတစ်ခုတည်းမှာပင် သေဆုံးသူ ၁၀၀၀ ကျော်ရှိကြောင်းနှင့် အသက်ရှင်ကျန်ရစ်သူတစ်ဦးသာရှိကြောင်း လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ထုတ်ပြန်ထားသည်။

**Ref: Xinhua**

# ထိုင်းနိုင်ငံ၏ အာဏာရဖူထိုင်းပါတီက လွှတ်တော်ကိုဖျက်သိမ်းရန် ပြင်ဆင်နေ

ဘန်ကောက်၊ နိုင်ငံရေး

ထိုင်းနိုင်ငံ၏အာဏာရပါတီဖြစ်သော ဖူထိုင်းပါတီသည် အစိုးရအဖွဲ့အသစ်ကိုဖွဲ့စည်းရန်ကြိုးပမ်းနေစဉ်မှာပင် လွှတ်တော်ကိုဖျက်သိမ်းရန်ပြင်ဆင်နေကြောင်း ပါတီမှအကြီးတန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၂ ရက်တွင်ပြောသည်။ လွှတ်တော်ကိုဖျက်သိမ်းပြီးမှသာ အထွေထွေရွေးကောက်ပွဲကိုကျင်းပပေးနိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားနေစဉ် ပြိုင်ဘက်ပါတီများက အစိုးရအဖွဲ့အသစ်ကိုဖွဲ့စည်းနိုင်ရေး ကြိုးပမ်းနေခြင်းဖြစ်ပြီး ဖူထိုင်းပါတီအနေဖြင့် ဝန်ကြီးချုပ်အသစ်အတွက် အမည်တင်သွင်းခြင်းမှ ရွေးကောက်ပွဲအသစ်ကျင်းပရန်တောင်းဆိုခြင်းအထိ နည်းလမ်းများစွာကို စဉ်းစားထားကြောင်း ပါတီမှ အတွင်းရေးမှူးချုပ် ဆိုရာဝေါင်သီယန်သောင်းက ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ဖယ်ထုန်ထန်ရှင်နာဝပ်ကို အခြေခံဥပဒေပါကျင့်ဝတ်များချိုးဖောက်မှုဖြင့် ရာထူးမှဖယ်ရှားကြောင်း ထုတ်ပြန်ကြေညာပြီးနောက် ထိုင်းနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားလာခြင်းဖြစ်သည်။ အဆိုပါနိုင်ငံရေးမတည်ငြိမ်မှုအတွင်း ထိုင်းနိုင်ငံ၏ပါတီကြီးများဖြစ်သည့် အာဏာရဖူထိုင်းပါတီနှင့် ဘွမ်းဂျဲထိုင်းပါတီတို့ကြား တစ်ဖက်နှင့်တစ်ဖက် အနိုင်ရရှိရေးအတွက် ကြိုးပမ်းမှုများဆောင်ရွက်လာခြင်းဖြစ်ကြောင်းသိရသည်။

**Ref: AGC**

# Save the Children International (SCI)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mrs . Wang Le အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ

နေပြည်တော်  စက်တင်ဘာ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် Save the Children International (SCI) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Wang Le အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် Save the Children International (SCI) တို့အကြား လက်ရှိနှင့်အနာဂတ်ပူးပေါင်းဆောင်ရွက်မှု အလားအလာများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

နေပြည်တော်  စက်တင်ဘာ ၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့ကြီးများ၏ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှစံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁)၊ မိုးရေနမူနာ တိုင်းတာသည့် စခန်းများပြပုံ**




**ပုံ(၂)၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ |
| ၃ | ခန္တီး | ၇.၁ |
| ၄ | လားရှိုး | ၇.၀ |
| ၅ | တောင်ကြီး | ၆.၉ |
| ၆ | မိုင်းဆတ် | ၇.၁ |
| ၇ | ကျိုင်းတုံ | ၆.၅ |
| ၈ | စစ်ကိုင်း | ၇.၂ |
| ၉ | ဟားခါး | ၆.၆ |
| ၁၀ | ညောင်ဦး | ၆.၅ |
| ၁၁ | မုံရွာ | ၆.၅ |
| ၁၂ | ပျဉ်းမနား | ၆.၅ |
| ၁၃ | ပြင်ဦးလွင် | ၇.၂ |
| ၁၄ | ကလေးဝ | ၆.၇ |
| ၁၅ | ရန်ကုန် (ကမ္ဘာအေး) | ၆.၅ |
| ၁၆ | မှော်ဘီ | ၆.၉ |
| ၁၇ | မကွေး | ၆.၆ |
| ၁၈ | အောင်လံ | ၆.၈ |
| ၁၉ | စစ်တွေ | ၇.၀ |
| ၂၀ | ပြည် | ၆.၆ |
| ၂၁ | ပဲခူး | ၆.၉ |
| ၂၂ | တောင်ငူ | ၆.၆ |
| ၂၃ | ပုသိမ် | ၆.၇ |
| ၂၄ | မအူပင် | ၆.၅ |
| ၂၅ | ဟသ်ာတ | ၇.၀ |
| ၂၆ | မော်လမြိုင် | ၇.၁ |
| ၂၇ | ဘီးလင်း | ၆.၇ |
| ၂၈ | ဘားအံ | ၆.၉ |
| ၂၉ | ထားဝယ် | ၆.၉ |
| ၃၀ | မြိတ် | ၆.၈ |
| ၃၁ | ကော့သောင်း | ၆.၇ |

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် (၂) ၊ နေပြည်တော်**

၁။ လိုင်စင်ဆိုင်ရာ အခကြေးငွေများပေးသွင်းခြင်းနှင့် လုပ်ငန်းအစီရင်ခံစာများ ပေးပို့ခြင်းတို့အား ဆောင်ရွက်ရန်ပျက်ကွက်လျက်ရှိသည့် အောက်ဖော်ပြပါဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ၂၀-၂-၂၀၂၃ နေ့တွင်ရရှိသောကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူ၏တာဝန်များအား လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသွားမည်ဖြစ်၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၃၉ (က) (၂) အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့** နောက်ဆုံးထားပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ သက်ဆိုင်ရာအခကြေးငွေများ လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်-

(၁) **Sane Shwe Htin Co., Ltd** [ NFS(C) လုပ်ငန်းလိုင်စင်ရ]

(၂) **Thunder Arrow Co., Ltd** [ NFS(C) လုပ်ငန်းလိုင်စင်ရ]

၂။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉ သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ **ပြည်သူ့ကြားကပြည်သူ့စကား**”အစီအစဉ်မှ **“နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ”** ခေါင်းစဉ်ဖြင့် ၃-၉-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင်ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အောင်လံမြို့ရှိ အားကစားကွင်း၊ အားကစားရုံများ ကြံ့ခိုင်မှုအခြေအနေ ကွင်းဆင်းကြည့်ရှု



နေပြည်တော်  စက်တင်ဘာ ၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အောင်လံမြို့ရှိ အားကစားကွင်း၊ အားကစားရုံများကြံ့ခိုင်မှုအခြေအနေနှင့် အားကစားကွင်းနှင့် အားကစားရုံသစ်တည်ဆောက်ရန်လျာထားမြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရေးနှင့် အားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာသွင်းအားစုပေးအပ်



နေပြည်တော် စက်တင်ဘာ ၂

မိုးစပါးစိုက်ပျိုးတောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေသြဇာသွင်းအားစု ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးကအမှာစကားပြောကြားပြီး နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ဓာတ်မြေသြဇာများဖြန့်ဖြူးပေးသည့်အခြေအနေ၊ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများပေါင်းစပ်အသုံးပြုနည်းနှင့်သွင်းအားစုများစနစ်တကျထည့်သွင်းနည်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာ သွင်းအားစုများကို တောင်သူများထံပေးအပ်ကြပြီး တောင်သူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ်-၁၈၂၃ အဆင့်မြင့်လယ်ယာမြေဧက ရှင်းလင်းဆောင်သို့ သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မှာကြားပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာများ ပေါင်းစပ်အသုံးပြုပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဓာတ်မြေသြဇာများ၊ နေပြည်တော်ကောင်စီဝင်များက အောင်နိုင်တိုးမျိုးစပါးများ၊ ဓာတ်မြေသြဇာများနှင့် EM များကို တောင်သူများထံ ပေးအပ်ကြပြီး ဖေဒါရိုး၊ နှမ်းရိုး၊ မြေပဲခွံတို့ဖြင့် သဘာဝမြေဆွေးပြုလုပ်နည်းကို သရုပ်ပြသမှု၊ တောင်သူဒေါ်ဝင်းမော်၏ လယ်မြေ ၁၀ ဧကတွင် ရေဆင်းပေါ်ဆန်းစပါးမျိုးကို ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနေမှုနှင့် မိုးစပါးများစိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပတ္တာကျေးရွာသို့သွားရောက်ပြီး ပဒါန်းဆည်ရေသောက်စနစ်အတွင်းရှိ လက်တံမြောင်းအမှတ်(၂) ပြန်လည်တူးဖော်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# ရေဘေးကာကွယ်ရေးတာ ၁၁ ခုမှ စစ်တောင်းမြစ်ဝှမ်းဒေသအတွင်းရှိ ဧရိယာ ၃၇၀၅၂ ဧကကို ရေဘေးကာကွယ်ထားရှိ

နေပြည်တော် စက်တင်ဘာ ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ စစ်တောင်းမြစ်အနောက်ဘက်ခြမ်း ဧရိယာများအား ရေဘေးကာကွယ်ထားရှိသည့် ဝါးတီး-အုန်းပင်တာကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် သဘာဝဘေးဖြစ်ပေါ်လာပါက အန္တရာယ်ရှိနိုင်သော နေရာများကို တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအတိုင်း အလေးထားဆောင်ရွက်ကြရန်၊ တာတမံဥပဒေပါ တားမြစ်ချက်သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ထိန်းသိမ်းရန်၊ တာတမံများ ပြုပြင်တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြုပြင်ဆောင်ရွက်ရန်၊ ရေလှောင်တမံများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေသိုလှောင်မှုအား ထိန်းညှိလုပ်ဆောင်ရန်၊ သဘာဝဘေးရေကြီးနစ်မြုပ်မှုဖြစ်စဉ်များကြောင့် သီးနှံစိုက်ခင်းများထိခိုက်မှုလျော့နည်းသက်သာစေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားသည်။




တောင်ငူခရိုင်အတွင်း လာမည့်နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်းအတွက် စိုက်ပျိုးရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားရှိသော ရေလှောင်တမံရှစ်ခု၌ ရေများသိုလှောင်ထားရှိသကဲ့သို့ ရေဘေးကာကွယ်ရေးတာ ၁၁ ခု၏ စုစုပေါင်းတာမိုင် ၃၅ မိုင် ၇ ဖာလုံမှ စစ်တောင်းမြစ်ဝှမ်းဒေသအတွင်းရှိ ဧရိယာ ၃၇၀၅၂ ဧကကို ရေဘေးကာကွယ်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ရေသောက်စနစ်များထိခိုက်ပျက်စီးခဲ့သည့် ခပေါင်းဆည်ရေသောက်စနစ်နှင့် ဆွာဆည်ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ရေပေးအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး ဆက်လက်ပြုပြင်ရန်ကျန်ရှိသည့်လုပ်ငန်းများကို မူလဒီဇိုင်းပုံစံများအတိုင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရေး၊ လျာထားစိုက်ဧကများအတိုင်း စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

**ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း(AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှု ကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

**နေပြည်တော် စက်တင်ဘာ ၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့်နှိုင်းယှဉ်ကြည့်ရာတွင် ဩဂုတ်လ ၂၈ ရက်သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၃၀ ရက်နှင့် အသင့်အတင့်အဆင့်၌ တစ်ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေးခရိုင်နှင့်မင်္ဂလာဒုံခရိုင်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များသို့ ဆန်နှင့်ဆီပေးအပ်



**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေးခရိုင်နှင့် မင်္ဂလာဒုံခရိုင်တို့မှ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များသို့ ဆန်နှင့်ဆီပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်အတွင်းရှိ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်၊ ဆီ ပေးအပ်ပွဲ အခမ်းအနားကို တွံတေးခရိုင် တွံတေးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး၊ ကြက်သွန်နီနှင့်အာလူးများကို ပေးအပ်ကြပြီးတပ်ဖွဲ့ဝင်များကို အားပေးစကား ပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင်အတွင်းရှိ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်၊ ဆီပေးအပ်ပွဲအခမ်းအနားကို ရွှေပြည်သာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့်ခေါက်ဆွဲခြောက်များကိုပေးအပ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။


ဇွဲထက်ကို(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များ အရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိ နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင် ပြီး၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက် ဘက်သို့ ရွေ့လျားကာ၊ နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကို ဖြတ်ကျော် နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားလေးဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့်ကင်ညာနိုင်ငံသားငါးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦးနှင့် သီရိလင်္ကာနိုင်ငံသားတစ်ဦး၊ စုစုပေါင်းခုနစ်ဦးတို့အား ယနေ့တွင်မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံ အချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားလေးဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့်အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Counsellor Mr. Alexander Mwendwa Mutinda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ကင်ညာနိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် တောင်အာဖရိကနိုင်ငံသားနှစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသားလေးဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၇၃ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သား/သမီးများ၊ စစ်သည်အစားခန့်(အရပ်သား)ဝန်ထမ်းများ၏ သား/သမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများကို စက်တင်ဘာလ ၁ ရက်နှင့် ယနေ့တို့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်ခန်းမ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ကလေးတပ်နယ်ရှိအောင်ဆန်းခန်းမ၌လည်းကောင်း အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများ အသီးသီး ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့်စစ်သည်များကိုယ်စား ကျောင်းသား၊ ကျောင်းသူများက ကျေးဇူးတင်စကားများပြန်လည်ပြောကြားကြသည်။ ၎င်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းများကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။





**ပျောက်ဆုံးကြောင်း**

နန့်မာဂရက်ထွန်း(ဘ)ဦးထွန်းမြင့်အောင် ၁၄/ပတန(နိုင်)၁၈၀၃၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

ဥမ္မာစန်း(ဘ)ဦးစိုးလှ ၆/ကသန(နိုင်) ၀၄၅၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

နိုင်ကိုကို(ဘ)ဦးမြင့်အောင် ၁၂/ဗဟန(နိုင်) ၀၉၃၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၂၀၁၅၇

**ပျောက်ဆုံးကြောင်း**

ရီရီချို(ဘ)ဦးလှစိန် ၁၂/ရပသ(နိုင်)၀၂၈၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၁၆၅၂၉၇၂

**ပျောက်ဆုံးကြောင်း**

တိန့်ကျုံးနိမ့်(ဘ)ဦးတိန်ယူးဖ ၁၃/ကခန(နိုင်) ၁၁၂၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၀၉၅၉

**ပျောက်ဆုံးကြောင်း**

သူရဇော်(ဘ)ဦးခင်ဇော် ၁၂/ဥကတ(နိုင်) ၁၅၇၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၀၀၅၈၉၁

**ပျောက်ဆုံးကြောင်း**

ဇင်လင်းထက်(ဘ)ဦးနန်းလှိုင် ၅/မရန(နိုင်) ၃၅၁၉၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၇၂၁၄

**ပျောက်ဆုံးကြောင်း**

လင်းလင်းထက်(ဘ)ဦးသိန်းငွေ ၇/ဒဥန(နိုင်) ၁၃၈၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၂၈၇၆၆၅

**ပျောက်ဆုံးကြောင်း**

ကျော်မြင့်(ဘ)ဦးတန်ဘိ ၁၀/ပမန(နိုင်) ၁၄၀၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၂၀၆၁၆၂၅

**ပျောက်ဆုံးကြောင်း**

ခိုင်ယဉ်မွန်(ဘ)ဦးချစ်စန်း ၁၂/တတန(နိုင်) ၁၇၃၅၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၈၆၇၇၁၅

**ပျောက်ဆုံးကြောင်း**

ဦးသန်းအေး(ဘ)ဦးအောင်သန်း ၁၂/သကတ(နိုင်)၀၉၁၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၉၅၃၅၆၃

**ပျောက်ဆုံးကြောင်း**

ရီရီလွင်(ဘ)ဦးသောင်း ၇/ဖမန(နိုင်)၀၂၀၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၉၅၃၅၆၃

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းနေ မောင်သန့်ဇင်ဦး(ဘ)ဦးမြင့်ဦး ၁၄/ပသန(နိုင်) ၂၁၄၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**

သန်းကြူ(ဘ)ဦးထွန်းရင် ၆/မအရ(နိုင်) ၀၄၃၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၄၆၉၆၁၄၆

**ပျောက်ဆုံးကြောင်း**

ရဲမြင့်ထွန်း(ဘ)ဦးမောင်မောင်ဦး ၁၄/ပသန(နိုင်)၂၅၃၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၂၈၄၉၆၀

**ပျောက်ဆုံးကြောင်း**

ရွှေရည်ဖြိုး(ဘ)ဦးအောင်ကြည် ၁၃/နခတ(နိုင်)၀၈၂၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 226706)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

ဟန်နီထွန်း(ဘ)ဦးကျော်ဆန်း ၁၄/သပန(နိုင်) ၁၃၀၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၄၉၄၉၄၄၅

**ပျောက်ဆုံးကြောင်း**

ထက်ထက်အောင်(ဘ)ဦးသိန်းဝင်း ၇/ညလပ(နိုင်)၁၉၉၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၇၇၇၀၆၇၃

**ပျောက်ဆုံးကြောင်း**

ခင်မိမိစိုး(ဘ)ဦးစိုးသိန်း ၁၂/လမန(နိုင်)၀၁၀၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မနှင်း(ဘ)ဦးအော်ကြီး ၉/ပဘန(နိုင်)၁၉၃၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျှက်ရှိပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ
အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄


ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
PRODUCT OF MYANMAR

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် လျှင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် စက်တင်ဘာလ ၂ ရက်အထိ သေဆုံးသူ ၃၇၉၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၁ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

မြဝတီ

# လူသတ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် နယ်မြေ(၈) ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်တွင် လူသတ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံအား ပျဉ်းမနားခရိုင်တရားရုံးက သေဒဏ်ကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် နယ်မြေ(၈) ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်က နေမျိုးထိုက်အား ဂျပ်စ်ပဲရိုး(ခ)ကျော်သိန်း(ခ) ဇော်ဇော်လတ်နှင့် အောင်အောင်(ခ)အောင်ကြီးတို့က ဓာတ်ဆီလောင်းပြီး မီးရှို့ခဲ့သဖြင့် နေမျိုးထိုက် သေဆုံးသည့်အမှုဖြစ်ပွားခဲ့သည်။

ယင်းအမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားစွဲဆိုတင်ပို့ခဲ့ရာ ပျဉ်းမနားခရိုင်တရားရုံးက ရာဇဝတ်အထွေထွေမှုအမှတ် ၃/၂၀၂၅ ဖြင့် တရားခံပြေး ဂျပ်စ်ပဲရိုး(ခ)ကျော်သိန်း(ခ)ဇော်ဇော်လတ်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂/ကျင့် ၅၁၂ အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ ထုတ်ဆင့်ဆောင်ရွက်ခဲ့ပြီး ရာဇဝတ်ကြီးမှုအမှတ် ၁၅/၂၀၂၅ ဖြင့်တရားခံ အောင်အောင်(ခ)အောင်ကြီး အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ပျဉ်းမနားခရိုင်တရားရုံးက ယနေ့တွင် သေဒဏ်ကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ မြဝတီ

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



လိုင်စင်မဲ့မော်တော်ယာဉ်

ကယားပြည်နယ်၌ ဖမ်းဆီးရမိမှု။





လိုင်စင် ရှိ/မရှိ စိစစ်ဆဲ

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၈ ရက်**တွင် ကယားပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကိုလည်းကောင်း၊ လွိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၌ လိုင်စင်မဲ့ မော်တော် ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၉ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ သာယာကုန်းကျေးရွာ၊ ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ်(၆)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၂) မျိုး၊ လူသုံးကုန်ပစ္စည်း (၇)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၂၅၂၃၄၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Canter Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Dong Feng Tractor Head (၃)စီး၊ Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၄)တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်ခရဲကမ်းနားကျေးရွာအနီး၌တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၂၄၃၀၄၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၅၄၉၅၃၈၆)**ကိုဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၇ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ်နှင့် ငဖဲမြို့နယ်တို့၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း (၄)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ်၃၆၆၆၀၀၀)ကိုလောင်းကစားဥပဒေအရလည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၄၆၆၆၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၃၃၆၁၃၈၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၁၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၄-၁၀၁၃၁၊ ၀၁၄-၁၀၁၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

Insolvency law **ပုဒ်မ ၁၄၇။(က)(၁)နှင့်(၂)အရ**

**အစုရှင်များ၏ဆန္ဒအလျောက်**

MYANMAR SAFE WAY TRAVEL & TOUR COMPANY LIMITED

**အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၊ (၁၀)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ MYANMAR SAFE WAY TRAVEL & TOUR COMPANY LIMITED အား (၁၀-၈-၂၀၂၅)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင် Insolvency Practitioner (MAIP No. 00090)အား liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၊ (၃၀)ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **DAW CHERRY OHN** | **U Kyawt Mg** |
| **Managing Director** | **Insolvency Practitioner** |
| **Myanmar Safe Way Travel & Tour Co.,Ltd.** | **(MAIP No.00090)** |

---

MADNEST COMPANY LIMITED

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ**

MADNEST COMPANY LIMITED

**အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေး တက်ရောက်ရန် အကြောင်းကြားစာ**

၁။ "MADNEST COMPANY LIMITED." နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၃၃)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

---

**မတည်ငွေရင်းလျှော့ချပြီးကြောင်း ကြေညာခြင်း**

**မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(ဈ)အရ**

FIRST FIL TER PRODUCT COMPANY LIMITED ၏ (၂၇-၈-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေရင်းအား-မူလကျပ် ၅၀,၀၀၀/-တန်၊ အစုရှယ်ယာ(၁၀,၀၀၀)စု ကျပ်သိန်း(၅၀၀,၀၀၀,၀၀၀)မှ ယခု ၅၀,၀၀၀/-တန်၊ အစုရှယ်ယာ(၁,၀၀၀)စု ကျပ်သိန်း(၅၀,၀၀၀,၀၀၀)သို့ လျှော့ချပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**FIRST FIL TER PRODUCT COMPANY LIMITED**

---

**ပျောက်ဆုံးကြောင်း**

မင်းဘူးမြို့နယ်၊ ချောင်းဖြူကျေးရွာနေ ဦးခိုင်လွင်ဦး(ဘ)ဦးမျိုးလှိုင် ၈/မဘန(နိုင်)၁၀၉၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 525414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၃၀၄၂၄

**ပျောက်ဆုံးကြောင်း**

ပြင်စလူမြို့နယ်ခွဲ၊ ဗိုင်းဒေါင့် ချောင်းရွာနေ နေနိုင်တင်စိုး(ဘ)ဦးတင်စိုး ၁၄/လပတ(နိုင်)၁၄၉၃၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၆၆၄၈၇၇

**ပျောက်ဆုံးကြောင်း**

ဘိုကလေးမြို့၊ သပြုချောင်းအုပ်စု၊ ကံစုရွာနေ မဖြိုးအိခိုင်(ဘ)ဦးဇော်မင်း ၁၄/ဘကလ(နိုင်)၃၁၄၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 175019)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဒိုက်ဦးမြို့၊ ပေါ်သစ်စုရွာနေ ဝေဝေထက်(ဘ)ဦးမောင်လှ ၇/ဒဥန(နိုင်)၂၂၉၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၉၆၁၄၁၈၀

**ဖခင်အမည်မှန်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သဇင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်စိုးမင်းသန့်၏ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၉/ပမန(နိုင်)၁၆၇၅၄၄ ဖြစ်ပါကြောင်း။

**ဦးမင်းဇော်**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(၁၂) Grade-11 မှ မဖြိုးရတနာအောင်၏ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၉/ပမန(နိုင်)၁၆၇၅၄၄ ဖြစ်ပါကြောင်း။

**ဦးမင်းဇော်**

**ပျောက်ဆုံးကြောင်း**

ကျောင်းပန်းတောင်းမြို့နယ်နေ ကိုသန်းအောင်(ဘ)ဦးဖေညွန့် ၉/ကပတ(နိုင်)၀၅၁၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၂၂၀၀၇၃

**ပျောက်ဆုံးကြောင်း**

ခိုင်ခိုင်ထွန်း(ဘ)ဦးသန်းထွန်း ၉/အမဇ(နိုင်)၀၃၁၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 789435)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၁၇၇၁၂

**ပျောက်ဆုံးကြောင်း**

ချမ်းအေးသာစံမြို့နယ်နေ မစိုးမမ(ဘ)ဦးကြည်စိုး ၉/ခအဇ(နိုင်)၀၂၇၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 573288)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၈၀၀၂၉၈

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အ.ထ.က(၁၂) အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ နော်ထက်သလေးဖော်၏ဖခင်အမည်မှန်မှာ ဦးစောစီရေနေဦး ၁၄/အဂပ(နိုင်)၁၇၃၄၅၂ ဖြစ်ပါကြောင်း။ **ဦးစောစီရေနေဦး**

**ဖခင်အမည်မှန်**

အ.ထ.က(၂)နတ်မောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-12 မှ ပညာသင်ကြားနေသော မောင်သက်တင်ဌေး ၈/နမန(နိုင်)၂၆၈၉၆၃ ၏ဖခင်ဦးခင်ရှိန်၏ အမည်မှန်မှာ ဦးကျော်ခင် ၈/နမန(နိုင်)၀၆၆၉၂၁ ဖြစ်ပါကြောင်း။ **ဦးကျော်ခင်**

**ပျောက်ဆုံးကြောင်း**

နန်းခမ်းမိုင်(ဘ)ဦးလောင်းဝါ ၁၃/လရန(နိုင်)၁၄၃၆၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၉၅၂၀၆၉

**ပျောက်ဆုံးကြောင်း**

အားရှော့(ဘ)ဦးအားထိ ၁၃/ကတန(နိုင်)၀၆၂၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၅၆၃၁၆၃

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်နေ အ.ထ.က(၇)တွင် ဒုတိယအလယ်တန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်းဥ၏ဖခင်အမည်မှန်မှာ ဦးသာပုဖြစ်ပါကြောင်း။

**ဦးသာပု**

**ပျောက်ဆုံးကြောင်း**

ဦးအေးလွင်(ဘ)ဦးမောင်ကြည် ၁၀/မလမ(နိုင်)၀၅၆၆၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**မိခင်အမည်မှန်**

သထုံမြို့နယ် အ.ထ.က သိမ်ဆိပ် Grade-12 မှ မရတနာအောင်၏မိခင်အမည်မှန်မှာ ဒေါ်နော်မူမူ ၈/ခမန(နိုင်)၁၀၃၉၉၆ ဖြစ်ပါကြောင်း။

**ဒေါ်နော်မူမူ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာ မူလွန် ကုလားချောင်းကြီး(တောင်ပိုင်း)မှ ဒုတိယအလယ်တန်းပြ ဒေါ်ပြည့်ဖြိုးမွန်၏ဖခင် ဦးမောင်ထွင်(ခ)ဦးတင်ထွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ထွင်(ခ)ဦးတင်ထွင်**

**ပျောက်ဆုံးကြောင်း**

မရှောက်ဆီး(ဘ)ဦးကြာဖား ၁၃/လရန(နိုင်)၂၁၉၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 506984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ခင်ကြည်(ဘ)ဦးလောအယ် ၁၃/လရန(နိုင်)၂၆၀၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မဒေါ်ခင်နန်း(ဘ)ဦးဇဒေါင်း ၁၃/နမတ(နိုင်)၀၄၉၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်(မြောက်)ကျေးရွာနေ အဘ ဦးကျော်ဘိုဟိန်း ၁၄/ဟကက(နိုင်)၀၁၃၄၃၄ ၏သမီး မထက်ရတီလင်းအား မထက်ရတီစံဟု ပြောင်းလဲခေါ်ပါရန်။ **မထက်ရတီစံ**

**ပျောက်ဆုံးကြောင်း**

ဗိုလ်ဗိုလ်ဝင်း(ခ)အောင်မင်းစိုး(ဘ)ဦးတင်ရွှေ ၁၂/တတန(နိုင်)၁၈၃၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 075920)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အထက မန်ကျည်းပင်၊ G-12(B) မှ မောင်မိုးကိုကို၏ဖခင်အမည်မှန်မှာ ဦးလှအေး ၁၄/လမတ(နိုင်)၂၀၅၉၉၆ ဖြစ်ပါကြောင်း။

**ဦးလှအေး**

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အထက မန်ကျည်းပင်၊ G-12(B) မှ မအိပိုးချို၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းမင်း ၁၄/ပပတ(နိုင်)၁၆၇၄၇၉ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းမင်း**

**ပျောက်ဆုံးကြောင်း**

အောင်အောင်ခိုင်(ဘ)ဦးဘချော ၇/လပတ(နိုင်)၁၆၀၃၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဒေါ်ရှောက်ထွမ်း(ဘ)ဦးချုံယင် ၁၃/တကန(နိုင်)၁၂၆၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၀၁၅၈၃၃

**ပျောက်ဆုံးကြောင်း**

ချိုဝေလွင်(ဘ)ဦးသောင်းထွန်း ၁၂/လမန(နိုင်)၁၅၃၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 812868)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အထက မန်ကျည်းပင်၊ G-12(B) မှ မသီရိဇော်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းဝင်းရီ ၁၄/ပပတ(နိုင်)၁၅၄၈၆၀ ဖြစ်ပါကြောင်း။

**ဒေါ်စန်းဝင်းရီ**

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အထက မန်ကျည်းပင်၊ G-11 မှ မမေချိုဇင်၏ မိခင်အမည်မှန်မှာ ဒေါ်ဇာကြည်ဝင်း ၁၄/ပပတ(နိုင်)၂၂၇၂၈၉ ဖြစ်ပါကြောင်း။

**ဒေါ်ဇာကြည်ဝင်း**

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အထက မန်ကျည်းပင်၊ G-11 မှ မောင်ရှိန်းထက်နိုင်၏မိခင်အမည်မှန်မှာ ဒေါ်မိုးစန္ဒာ ၁၄/မမန(နိုင်)၂၂၂၃၂၁ ဖြစ်ပါကြောင်း။

**ဒေါ်မိုးစန္ဒာ**

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အထက ကမ်းနီ၊ G-12 မှ မပန်းနှင်းအေးနှင့် G-3 မှ မောင်နေလင်းခန့်တို့၏ဖခင်အမည်မှန်မှာ ဦးဝင်းထွေး ၁၄/ပပတ(နိုင်)၁၃၅၉၅၇ ဖြစ်ပါကြောင်း။ **ဦးဝင်းထွေး**

**ပျောက်ဆုံးကြောင်း**

စောဒိုထူး(ဘ)ဦးစောကော်ဒို ၂/ဖဆန(နိုင်)၀၁၁၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၄၁၀၀၄၀၀

**ပျောက်ဆုံးကြောင်း**

အောင်သက်မိုး(ဘ)ဦးအောင်ဝင်း ၉/တသန(နိုင်)၁၈၁၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၃၁၀၆၆၄

**ပျောက်ဆုံးကြောင်း**

သီသီဆွေ(ဘ)ဦးအောင်နိုင် ၈/ဆပဝ(နိုင်)၀၅၃၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၁၆၀၂၁၀

**ပျောက်ဆုံးကြောင်း**

အာကာလင်း(ဘ)ဦးစိုးလှိုင် ၇/ညလပ(နိုင်)၁၇၈၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 182316)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

သင်းသင်းမူ(ဘ)ဦးစောလှိုင် ၈/ရနခ(နိုင်)၀၆၅၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၂၆၂၆၄၀

**ပျောက်ဆုံးကြောင်း**

ခင်မောင်မြင့်(ဘ)ဦးစံမြင့် ၈/ရနခ(နိုင်)၀၆၅၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၄၀၀၁၂

**ပျောက်ဆုံးကြောင်း**

ရွှေစင်ဦး(ဘ)ဦးဝင်းနိုင်ဦး ၉/မခန(နိုင်)၃၁၅၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 929493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြိုင်မြို့နယ်၊ အလယ်ကန်ကျေးရွာမှ အဘ ဦးတင်ဝင်း၏သား မောင်နိုင်မင်း ၈/မမန(နိုင်)၁၇၀၉၈၉ နှင့် မောင်မင်းနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်နိုင်မင်း(ခ)မောင်မင်းနိုင်**

**ပျောက်ဆုံးကြောင်း**

အေးအေးခိုင်(ဘ)ဦးစိန်ထွန်း ၁၂/ကမတ(နိုင်)၀၁၀၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၅၀၆၂၇၅၂

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်မှာ အာသဝေါကင်းသော ပုဂ္ဂိုလ် မဟုတ်ငြားသော်လည်း (စက်တိုင်တက်ရမည့်အမှုမျိုးလည်း မဟုတ်သောကြောင့်) တုန်လှုပ်လောက်အောင်မရှိ။ ဟန်လုပ်နေဖို့လည်း မလို။ နဂိုအတိုင်း ကြံ့ကြံ့ခိုင်ခိုင်နှင့် ဣန္ဒြေရရနေတတ်ဖို့လောက်သာ သတိပြုလျက်ရှိပါသည်။ လူထုမအေမာက နောက်တစ်နေ့ထုတ် လူထုသတင်းစာတွင် ပြုံးပြုံးရွှင်ရွှင်နှင့် အဖမ်းခံသည်ဟု ကျွန်ုပ်အကြောင်း ရေးသားခြင်းကို တွေ့ရသည့်အခါ "မဟုတ်ဘူး မအေမာရေ၊ ဒီလို မရေးပါနဲ့၊ မှန်လည်း မမှန်ဘူး"ဟု ပြောပြရာတွင် မအေမာသည် ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်ကို နားလည်ပါလေစ မပြောတတ်ပေ။ ကျွန်ုပ်ကိုယ်ကျွန်ုပ် အထင်ရောက်လျက်ရှိသည်မှာကား ငါသည် ဟန်လုပ်ဖို့လိုသည့် အဆင့်အတန်းထက်မြင့်သည်ဟု ဆိုလိုပါသည်။

## မျှော်လင့်ချက် မကိုက်ပုံ

ကျွန်ုပ်ကို ဖမ်းပြီး ထောင်ထဲသို့ ပို့လိုက်သောအခါ၌ မတုန်လှုပ်ခြင်းအကြောင်းတစ်ရပ်မှာ ထောင်ထဲ၌ အချုပ်ခံရခြင်းသည် မိမိသွားလိုသောနေရာသို့ မသွားရခြင်းထက် ပိုပြီးဒုက္ခရောက်စရာမရှိ။ ထောင်ထဲ၌လည်း ငါ့ကို လေးစားသည့် လူငယ်များနှင့် စကားစမြည်ပြောကာ အချိန်ဖြုန်းနိုင်သည်၊ စာဖတ်နိုင်သည်၊ တရားနှလုံးသွင်းနိုင်သည်၊ စားချင်ရာ မှာစားနိုင်သည်၊ (အစားသမားဖြစ်၍ အစားလေးတော့ သတိရပါသည်။) လမ်းလျှောက်နိုင်သည် စသည်ဖြင့် ထင်မိသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ဇနီးနှင့် မအေမာတို့ ပြန်သွားကြသောအခါ ထောင်မှူးများသည် ကျွန်ုပ်ထင်ခဲ့သည့်အတိုင်း တခြားနိုင်ငံရေးအကျဉ်းသားများရှိသည့်နေရာသို့ ခေါ်မသွားဘဲ အလွန်ကျဉ်းမြောင်းလှသည့် အုတ်တိုက်ခန်းလေးထံသို့ ခေါ်သွားကြ၏။ မေလ (ကဆုန်လ) ဖြစ်၍ အလွန်ပူပြင်းသည့် နွေရာသီဖြစ်ရသည့်အထဲတွင် တိုက်ခန်းလေးသည် အနောက်ဘက်သို့ မျက်နှာမူလျက်ရှိသောကြောင့် သည်းမခံနိုင်အောင် ပူလောင်လှပါသည်။

ကျွန်ုပ်မှာ နွေရာသီသို့ရောက်တိုင်း ပြင်ဦးလွင်တက်ပြီး တစ်လကျော်ခန့် အပူရှောင်လာခဲ့သူဖြစ်လေရာ ဤနှစ်တွင်လည်း လူထုဦးလှ အမှုတွင် သက်သေခံပြီးလျှင် ပြင်ဦးလွင်သို့တက်ရန် ကြံရွယ်ချက်ရှိခဲ့သည်ဖြစ်၍ တိုက်ခန်းလေးသည် တခြားလူများထက် ကျွန်ုပ်အား ပို၍ပူလောင်စေသည်ဟု ထင်မိပါသည်။ အသိလူငယ်များလည်း မတွေ့ရ၊ ရေလည်း မချိုးရ၊ လေတိုက်လည်း မခံရ၊ အစားအသောက်မှာလည်း အိမ်မှပို့ပါလျက် အလွန်ချာလှသည်။ ကျွန်ုပ်မှတ်မိသေးသည်။ ကျွန်ုပ်သည် ထောင်ထမင်း၊ ဟင်းကို စားနိုင်ပါသည်ပြောသော်လည်း ဇနီးနှင့် မအေမာတို့က ကျွန်ုပ်၏ စားကောင်းသောက်ဖွယ်တပ်မက်ခြင်းကို သိကြသည်နှင့် နေ့တိုင်း နံနက်စာ၊ ညစာ ပို့ကြဖို့စီမံကြသည်။ နောက်တစ်နေ့၌ အိမ်မှပို့လိုက်သည့် ထမင်းဟင်းချိုင့်ကို ဖွင့်ကြည့်လိုက်သည့်အခါ ကြက်ရိုးနှင့် ခဝဲသီးချက်သည့် ဟင်းချို၊ သရက်သီးသနပ်နှင့် ငါးပိကြော်တို့ကို တွေ့ရ၏။ ဟင်းကောင်းမပါရှိချေ။ မအေမာနှင့်ဇနီးတို့ ရောက်လာကြ၍ တွေ့ဆုံကြသဖြင့် ကျွန်ုပ်က မေးကြည့်သောအခါ

**"ကျွန်ုပ်ကို ဖမ်းပြီး ထောင်ထဲသို့ ပို့လိုက်သောအခါ၌ မတုန်လှုပ်ခြင်းအကြောင်းတစ်ရပ်မှာ ထောင်ထဲ၌ အချုပ်ခံရခြင်းသည် မိမိသွားလိုသောနေရာသို့ မသွားရခြင်းထက် ပိုပြီးဒုက္ခရောက်စရာမရှိ။ ထောင်ထဲ၌လည်း ငါ့ကို လေးစားသည့် လူငယ်များနှင့် စကားစမြည်ပြောကာ အချိန်ဖြုန်းနိုင်သည်၊ စာဖတ်နိုင်သည်၊ တရားနှလုံးသွင်းနိုင်သည်၊ စားချင်ရာ မှာစားနိုင်သည်၊ (အစားသမားဖြစ်၍ အစားလေးတော့ သတိရပါသည်။) လမ်းလျှောက်နိုင်သည် စသည်ဖြင့် ထင်မိသောကြောင့် ဖြစ်ပါသည် . . ."**

ကြက်ရင်အုပ်ကြော် တစ်ခွက်ပျောက်နေကြောင်း သိကြရလေသည်။ ကျွန်ုပ်၏ တိုက်ခေါင်းလေးထဲသို့ ထမင်းချိုင့်ကို ဆွဲပို့ရသည့် အကျဉ်းသမားသည် ကြက်ရင်အုပ်ကြော်ကို နှုတ်ယူထားလိုက်ခြင်းဖြစ်ရပေမည်။ ဤအကြောင်းကို ထောင်ပိုင်ကြားသည်နှင့် ထမင်းပို့ရန်အတွက် လူပြောင်းလဲပေးလေရာ ဟင်းကောင်းတစ်ခွက်လုံး မပျောက်တော့ဘဲ တစ်ဖဲ့တစ်ရွဲ့မျှပျောက်ခြင်းကို (ဟင်းအစအနများတွေ့ရခြင်းအားဖြင့်) သိရပေသည်။ သို့သော် သူတို့လည်း ငတ်ရှာသည်ဟု အောက်မေ့၍ တိုင်တန်းခြင်းမပြုဘဲ သည်းခံလိုက်ပါသည်။

## အာဃာတနှင့် နှိပ်စက်ခြင်းလော

ကျွန်ုပ်အဖို့ရာ၌ အများဆုံး ဒုက္ခရောက်စေသော အခြင်းအရာမှာ အစားအသောက်မဟုတ်၊ နေ့ပူ၍ ညအိုက်ခြင်းနှင့် နံစော်ခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ် ဒုက္ခရောက်ရပုံကို တခြားတစ်နေရာ၌ ရေးသားဖော်ပြခဲ့ဖူးပြီဖြစ်သောကြောင့် ဤမှတ်တမ်းတွင် အကျယ်တဝင့်ဖော်ပြရန် မကြံရွယ်တော့ပါ။ ဖဆပလအစိုးရက ကျွန်ုပ်အပေါ်၌ အာဃာတထားပြီး ညှဉ်းဆဲပုံရသည့် အပြုအမူကိုသာ ဖော်ပြလိုပါသည်။ ဖဆပလအစိုးရသည် လူထုခေါင်းကြီးတွင်ပါရှိသည့် ပျူစောထီးအကြောင်း ရေးသားချက်ကြောင့် ကျွန်ုပ်အား တရားစွဲပြီး ဖမ်းချုပ်ထားခြင်းဖြစ်သည်ဟု သိရ၏။ ပျူစောထီးမကောင်းခြင်းကို တစ်ပြည်လုံး သိရုံမက သူတို့ကိုယ်တိုင်လည်းသိ၍ ဟိုလိုပြောင်း၊ သည်လိုပြောင်း လုပ်ခဲ့ရ၏။ သည်အထဲကပင် ပုပ်စော်နံခြင်းကို ပုပ်စော်နံပါသည်။ ဤအတိုင်းဆိုလျှင် ဖဆပလအစိုးရအဖို့လည်း နာမည်ပျက်မည်ကို စိုးရိမ်ရပါသည်ဟု သတိပေးရေးသားမိသော ခေါင်းကြီးအတွက် ကျွန်ုပ်ကို တရားစွဲပြီး ဖမ်းချုပ်ထား၏။ ဤမျှဆိုလျှင်ပင် လွန်လှပါချေပြီ။ လွန်ပင်လွန်စေဦးတော့ ကျွန်ုပ်သည် ထိုလူစု၏ ဉာဏ်ပညာနုနယ်ခြင်းကို သိပြီးဖြစ်၍ ခွင့်လွှတ်ရန် တတ်နိုင်ပါသေးသည်။ ယခုသော် ကျွန်ုပ်ကိုဖမ်းပြီး ထောင်ထဲတွင် သွင်းထားရုံမက လူသတ်မှုတရားခံများကို ကြိုးစင်သို့ မတင်မီ ပိတ်လှောင်ထားသည့် လိုဏ်ခေါင်းလေးထဲသို့ သွတ်သွင်းပိတ်လှောင်ထားသေးသည်။ ဤအထဲတွင် ရာသီဥတု၏ ပူပြင်းမှုကလည်း ကျွန်ုပ်အား ဖြည့်စွက်နှိပ်စက်လိုက်သေးသည်ဖြစ်ရာ ကျွန်ုပ်အပေါ်၌ အာဃာတစိတ်ထားဖြင့် တမင်တကာညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်ခဲ့ပါမူ အကြင်သူသည် ကျွန်ုပ်၏ ဆင်းရဲဒုက္ခရောက်ခဲ့ရပုံများအကြောင်းကို ကြားရခြင်းအားဖြင့် ဝမ်းသာမည်ဆိုလျှင်လည်း သာပါစေ၊ နောင်တတရားရလျှင်လည်းရပါစေဟု အောက်မေ့မိပါသည်။

## စာထန်ထန်ရေးခြင်း

ထိုရက်များ၌ ကျွန်ုပ်သည် ထောင်စည်းကမ်းများအကြောင်းကို ဘာမျှမသိ။ မည်သူနှင့်မျှလည်း တွေ့ဆုံခွင့်မရှိသည့်အတွက်ကြောင့် တိုက်ပိတ်ခံရခြင်းသည် ထောင်ထဲသို့ ရောက်ခါစလူများအတွက် ထုံးစံတစ်ခုပေလောဟု ကျိတ်၍သာခံခဲ့ပါသည်။ သို့ရာတွင် ဘီကလပ်စ်ရသည်ဆိုပြီး တိုက်ခေါင်းလေးထဲတွင် တစ်ယောက်တည်းနေရခြင်းအတွက် အံ့သြမိပါ၏။ သုံး၊ လေးရက်ခန့်ကြာလတ်သော် ဗိုလ်ချုပ်အောင်ဆန်းဇနီး ဒေါ်ခင်ကြည်၏မောင် မောင်သိန်းသည် ကျွန်ုပ်ကို ပိတ်ထားသည့် တံခါးအပြင်ဘက်မှချောင်းလျက် နှုတ်ဆက်သည်နှင့် ကျွန်ုပ်က မေးမြန်းစုံစမ်းရာတွင်မှ အကြောင်းမဲ့တိုက်ပိတ်ထားခြင်းဖြစ်သည်ဟု သိရပါတော့သည်။ ထိုအခါ၌ကား ကျွန်ုပ် ဒေါပွဖို့ နားလည်လာခဲ့လေပြီ။ သို့ဖြစ်၍ ကျွန်ုပ်သည် ထောင်ပိုင်မစ္စတာ ကရစ်ရှနားထံသို့ မည်သူ့အမိန့်နှင့် ကျွန်ုပ်ကို တိုက်ပိတ်ထားခြင်းဖြစ်ကြောင်း သိလိုသည်ဟု စာတစ်စောင်ရေးပို့လိုက်၏။ ထောင်ပိုင်သည် နေရာမရှိသည့်အတွက်ကြောင့်လိုလို ကျွန်ုပ်ကိုပြောသေးရာ ကျွန်ုပ်က မန္တလေးထောင်ကြီးတစ်ခုလုံးတွင် ကျွန်ုပ်အတွက် ဤတိုက်ခေါင်းလေးတစ်ခုတည်းသာရှိသလော၊ မျက်နှာလို အားရသဘောမျိုးနှင့် ကျွန်ုပ်ကို နှိပ်စက်သည်ဆိုလျှင် ခင်ဗျားဦးခေါင်းထက်မှာ မီးထတောက်လိမ့်မည်၊ သတိထားလိုက်ပါစသည်ဖြင့် အထန်ဆုံးသော စကားလုံးများဖြင့် ရေးသားပေးပို့လိုက်သည်တွင်မှ ထောင်ပိုင်သည် ကျွန်ုပ်အား ထောင်ဆေးရုံပေါ်သို့ ပြောင်းရွှေ့ထားပါတော့သည်။ ဆေးရုံပေါ်တွင်လည်း တစ်ခြမ်းလုံးကို ကျွန်ုပ်အတွက် ရှင်းလင်းပြီး တစ်ယောက်တည်းထားပါလေသည်။ သို့သော် အပူဒဏ်နှင့် အနံ့စော်ကင်းခြင်းကြောင့် ကျေနပ်ပါသည်။ တိုက်ပိတ်ခံရခြင်းမှာ ခြောက်နေ့နှင့်ခြောက်ည ဖြစ်လေရာ ဖဆပလအစိုးရ၏ ကောင်းမှုကြောင့် ကျွန်ုပ်၏သဘာဝ၌ နောက်ဆုံးပေါက်လာသည့် မာထက်သော ဆူးကြီးတစ်ချောင်းပေတည်း။ (ကျွန်ုပ်၏ သဘာဝ၌ ဖြူကောင်သဖွယ် ငယ်စဉ်ကတည်းက ပေါက်ခဲ့သည့်ဆူးများအကြောင်း ရေးသားဖော်ပြခြင်းကို မှတ်မိသူများသည် ဆူးမပေါက်သည်မှာ အတန်ကြာလေပြီဟု သတိရကောင်းရကြပေလိမ့်မည်။ ဆူးဟူသည်မှာ ရန်ငြိုးဖွဲ့ခြင်းဟူ၍ မယူဆကြစေလိုပါ။ ကျွန်ုပ်၏ သဘာဝကို ချဉ်စူးတူးခါးအောင် ပြုလုပ်တတ်ခြင်းဟူ၍သာ နားလည်ကြစေလိုပါသည်။)

**ဆက်လက်ဖော်ပြပါမည်။**

---

# (၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို အက အရေး အတီး ပြိုင်ပွဲဝင်ကြမည့်ပြိုင်ပွဲဝင်များအား ပံ့ပိုးငွေပေးအပ်ပွဲကျင်းပ

ညောင်လေးပင် စက်တင်ဘာ ၂

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် သွားရောက်ယှဉ်ပြိုင်ကြမည့်ပြိုင်ပွဲဝင်များအား ပံ့ပိုးငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များအား အားပေးစကားပြောကြားကာ ပြိုင်ပွဲဝင်ကြမည့်ပြိုင်ပွဲဝင်များကို ပံ့ပိုးငွေများ ပေးအပ်သည်။

ဆက်လက်၍ ကဏ္ဍအလိုက်ပြိုင်ပွဲဝင်များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းနိုင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးကျော်သူဝင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်အေး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပံ့ပိုးငွေများနှင့် စားသောက်ဖွယ်ရာတို့ကို အသီးသီး ပေးအပ်ကြရာ ပြိုင်ပွဲဝင်များကိုယ်စား ပြိုင်ပွဲဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ညောင်လေးပင်ခရိုင်အတွင်းရှိ ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်၊ ကျောက်တံခါးမြို့နယ်များမှ ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



❖ နိုင်ငံတော်ကိုဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့ တပ်မတော်နဲ့ပြည်သူတို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနဲ့နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေမွေးကြရပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင်ကျရောက်သော နှစ်သစ်ကူးအခါသမယတွင်ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အားသွားရောက်ဖူးမြော်ကြည်ညို

စာ - ၅ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းမြို့မှ အထူးအမြန်ရထားဖြင့်စီးနင်းလိုက်ပါပြီး ပေကျင်းမြို့သို့ရောက်ရှိ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပေကျင်းမြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်နိုင်ငံပြည်သူများက ဘူတာရုံလျှောက်လမ်းတစ်လျှောက် အလံများဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တီယန်ကျင်းဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့်ထွက်ခွာကြသည်။

ထိုသို့ထွက်ခွာစဉ် တီယန်ကျင်းဘူတာရုံ၌ တီယန်ကျင်းမြို့ မြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် တရုတ်နိုင်ငံမှ ပြည်သူများက ဘူတာရုံလျှောက်လမ်း၌ နိုင်ငံအလံများဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့်

စာမျက်နှာ ၆ ကော်လံ ၁ ◆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့်စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

စာ - ၁၆ သို့

## ပေကျင်းမြို့၌ကျင်းပမည့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၂

တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကျင်းပပုံများကို စက်တင်ဘာလ ၃ ရက်၊ နံနက် ၇ နာရီ မိနစ် ၃၀ မှစတင်၍ MRTV HD Channel၊ MRTV News Channel၊ MITV Channel၊ MWD HD Channel နှင့် MRTV APP: တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ